# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၁၀)၊ ၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ ၂-၇-၂၀၂၄၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများက အနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှု "ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ"သို့ တက်ရောက်အားပေး

**နေပြည်တော် ဇူလိုင် ၁**

"ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများအလှဝတ်စား ဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ"ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-2)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ တက်ရောက်အားပေးသည်။

၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသော အားဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက ကြီးမှူးကြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် က အဆိုပါဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲကို စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ တွဲဖက် အတွင်းရေးမှူး၏ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ဇနီးများ၊ ပြည်ထောင်စုဝန်ကြီး များနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊

**စာမျက်နှာ ၅ သို့ ■**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကနှင့် ဥက္ကဋ္ဌတို့က လက်ခံရယူကြစဉ်။**

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

# မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိ

တောင်သူနှင့်လုပ်ငန်းရှင်များ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် ဝါအထွက်နှုန်းနှင့် ဝါဂွမ်းအရည်အသွေးကောင်းရရှိရေးအတွက် နည်းပညာအပါအဝင် လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သတ်မှတ်ထားသည့် A Grade, B Grade , C Grade စသဖြင့် ဝါဂွမ်းအရည်အသွေးအလိုက် ရောင်းဝယ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပြီး ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဝါဂွမ်းဈေးကွက်ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ ဝါလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများက ဝိုင်းဝန်းဆွေးနွေးပေးကြရန် လိုကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဇွန် ၃၀ရက် နံနက်ပိုင်းတွင် ရမည်းသင်းမြို့နယ် ကတင်ကျေးရွာ မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်၌ ဒေသခံ ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ၌ ပြောကြားခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ဝါတစ်ကေအတွင်း စိုက်ပျိုးရမည့် သတ်မှတ်အပင်အရေအတွက်နှင့် တစ်ပင်ချင်း၏ သီးလုံး အရေအတွက်ပေါ်မူတည်၍ ဝါထွက်ရှိမှုပမာဏ၊ အပင်သက်တမ်းအလိုက် စိုက်ပျိုးရေနှင့် ဓာတ်မြေဩဇာ စနစ်တကျထည့်သွင်းခြင်းဖြင့် အထွက်နှုန်းသာမက ဝါဂွမ်းမွှေးချည်မျှင်အရည်အသွေးအပေါ်သက်ရောက်မှု၊ မျိုးစေ့အသုံးပြုမှုဆိုင်ရာ ဂရုပြုရမည့် အချက်များကိုလည်းကောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စိုက်ပျိုးရေရရှိရေးလုပ်ငန်းများနှင့် သီးနှံအလိုက် စိုက်ပျိုးရေစီမံခန့်ခွဲမှုဆိုင်ရာများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး၌ ဝါစိုက်တောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရမည်းသင်းခရိုင်၏ ဝါစိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာန၊ တောင်သူနှင့် လုပ်ငန်းရှင်များ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် တောင်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲ ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေတောင်ခြံ)တွင် မျိုးသန့်အဆင့်အလိုက် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများနှင့် သုတေသနတွေ့ရှိချက်အပေါ် တောင်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဆွေးနွေးပွဲနှင့် သင်တန်းများ ဆွေးနွေးပို့ချပေးခြင်း၊ နည်းပညာ ဖြန့်ဝေခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေတောင်ခြံ)မှ ဝါမျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ရာတွင် ငွေချည်(၆)၊ ငွေချည်(၉)၊ ငွေချည်(၁၁)၊ ရွှေတောင်(၈)နှင့် ရွှေတောင်(၁၀)မျိုးများမှာ တောင်သူများ စိတ်ကြိုက်မျိုးများဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# ကျောက်ဆည်မြို့နယ်တွင် ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



**ကျောက်ဆည် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးနှင့် ခြင်ကြောင့်ဖြစ်ပွားနိုင်သည့် ရောဂါများ မဖြစ်ပွားစေရေး အခြေခံပညာကျောင်းများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း အင်အား ၂၀၀ ဦးတို့က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ပလတ်စတစ်အိတ်ခွံများ၊ နွယ်မြက်သစ်ပင်များ၊ ချုံနွယ်များ၊ သစ်ကိုင်းခြောက်များနှင့် အမှိုက်များအား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ထွက်ရှိလာသော အမှိုက်များကို မြို့နယ်စည်ပင်သာယာအဖွဲ့မှ ဌာနပိုင်အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျသိမ်းဆည်းစွန့်ပစ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(သက်မောင်၊ ကျောက်ဆည်)**

# မိုင်းယောင်းမြို့နယ်၌ ရုံးလုပ်ငန်းမွမ်းမံသင်တန်းဖွင့်

**မိုင်းယောင်း ဇူလိုင် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ ရုံးလုပ်ငန်းမွမ်းမံသင်တန်းကို ယနေ့ နံနက် ၉နာရီက ဗလမင်းထင်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းနိုင်က သင်တန်းဖွင့်လှစ်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ မိုင်းယောင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မိုင်းယုမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ စာရေးအဆင့် -၂နှင့် စာရေးအဆင့် -၁ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၁ရက်မှ ၂၆ ရက်ထိဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အခန်းအတွင်း ပိတ်မိနေသော လူနာများအား ရှာဖွေကယ်ဆယ်ခြင်းနှင့် ယာဉ်တိုက်မှုမှ လူနာအား ကယ်ဆယ်သရုပ်ပြ

**ပြင်ဦးလွင် ဇူလိုင် ၁**

ယနေ့ နံနက် ၉ နာရီက ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အ.ထ.က(၂)၊ စာသင်ကျောင်းအတွင်း ပြင်ဦးလွင်ခရိုင်မီးသတ်ဌာနမှ အခန်းအတွင်းပိတ်မိနေသောလူနာအား ကယ်ဆယ်သရုပ်ပြမှုအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇော်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဝဏ္ဏစိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ခဲ့ကြသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်အတိုင်း မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မိမိတို့တာဝန်ယူ ဆောင်ရွက်ရသည့် ဒေသများတွင် ဓာတ်တိုက်လေ့ကျင့်မှုများအား ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဓာတ်တိုက်လေ့ကျင့်မှုအား သရုပ်ပြရာတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ပိတ်မိနေသောလူနာအား ကယ်ဆယ်ရန်အတွက် B.A Set (ခေါ်) Breathing Appratus (အသက်ရှူကိရိယာ)ဖြင့် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်၂ ဦးသည် အခန်းအတွင်းသို့ ဦးစွာဝင်ရောက်၍ ကျန်တပ်ဖွဲ့ဝင်များသည် Tripod အသုံးပြုပြီး MA System ဖြင့် လူနာကို ရှာဖွေကယ်ဆယ်ရေးကိရိယာများဖြင့် ကယ်ဆယ်ရွှေ့ထုတ်ခြင်း သရုပ်ပြခဲ့သည်။

ဆက်လက်၍ လမ်းမပေါ်တွင် မော်တော်ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် မော်တော်ယာဉ် မီးလောင်ပြီး ကားအတွင်း ပိတ်မိနေသော လူနာအား ကယ်ဆယ်ခြင်း သရုပ်ပြခဲ့ရာ ရှေးဦးစွာ ကားမီးလောင်မှုအား ငြိမ်းသတ်ပြီး ကားအတွင်းရှိ လူနာအား Hydraulic Cutter Hydraulic Spreaderနှင့် Hydraulic Ram တို့ကို အသုံးပြုပြီး ကယ်ဆယ်ခြင်းဆောင်ရွက်ပြသသည်။ တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကိုပါ ပူးတွဲဆောင်ရွက်မှုအား သရုပ်ပြခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၆လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်အား ကျော်လွန်၍ အိမ်ရာချေးငွေ (Housing Loan) ထုတ်ချေးထားသည့် ပုဂ္ဂလိကဘဏ်များအား အရေးယူဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁**

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစီးပွားရေးတည်ငြိမ်စေရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပုဂ္ဂလိကဘဏ်များ၏ ချေးငွေဝန်ဆောင်မှု ပုံစံအသစ်ပေးရန်နှင့် ပြည်သူများအတွက် အိမ်ရာပိုင်ဆိုင်မှုအခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် ချေးငွေသက်တမ်း (၃)နှစ်ထက်ပိုသော အိမ်ရာချေးငွေများထုတ်ချေးခြင်းကို စုစုပေါင်းဘဏ်ချေးငွေအပေါ်မူတည်၍ ထုတ်ချေးခွင့်ပြုလျက်ရှိသည်။

သို့ရာတွင် အချို့သောပုဂ္ဂလိကဘဏ်များအနေဖြင့် ၎င်းတို့အကျိုးအမြတ်ပိုမိုရရှိစေရေးအတွက် ဗဟိုဘဏ်၏ညွှန်ကြားချက်အားကျော်လွန်ဖောက်ဖျက်ကာ အိမ်ရာချေးငွေများအား များပြားစွာထုတ်ချေးလျက်ရှိကြောင်း သိရှိရသဖြင့် ပုဂ္ဂလိကဘဏ်များအား လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။ ထိုသို့စစ်ဆေးခဲ့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်အားကျော်လွန်၍ အိမ်ရာချေးငွေထုတ်ချေးထားသည့် အောက်ပါပုဂ္ဂလိကဘဏ် ၇ ခုအား စိစစ်တွေ့ရှိရပါသည်-

(က) ရိုးမဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁၁ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ခ) မြန်မာနိုင်ငံသားများဘဏ်မှဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၈.၉၄ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ဂ) ဧရာဝတီဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁.၉၆ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ဃ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁.၀၁ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(င) ယူအေဘီဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၃.၃၈ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(စ) မြန်မာမက်ထရိုဘဏ်မှဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၀.၃၉ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

(ဆ) ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်မှ ဗဟိုဘဏ်သတ်မှတ်ရာခိုင်နှုန်းထက် ၁၆.၃၄ ရာခိုင်နှုန်းအား ကျော်လွန်ထုတ်ချေးထားကြောင်း။

အဆိုပါဘဏ်များမှ ကျော်လွန်ထုတ်ချေးထားသည့် ချေးငွေများအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကထုတ်ပြန်ထားသော အိမ်ရာချေးငွေနှင့်ပတ်သက်သည့် သတ်မှတ်ချက်အတိုင်း သတ်မှတ်ထားသောကာလအတွင်း ပြန်လည်ရောက်ရှိစေရေးအတွက် တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး သတ်မှတ်ချက်အား ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂလိကဘဏ် ၇ ခုမှ တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

သတ်မှတ်ချက်အား ကျော်လွန်ထုတ်ချေးထားသည့် ချေးငွေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၁၅၄ အရ ဥပဒေနှင့်အညီ ထိရောက်သောဒဏ်ကြေးပေးဆောင်စေမည်ဖြစ်ပြီး ပုဂ္ဂလိကဘဏ်များအား စစ်ဆေးကြီးကြပ်ကွပ်ကဲရန်အားနည်းခဲ့သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများအားလည်း စိစစ်ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဘေးရှောင်စခန်း ၃၀ ဖွင့်လှစ်ကူညီ ကယ်ဆယ်ပေးလျက်ရှိ

**မြစ်ကြီးနား ဇူလိုင် ၁**

မြန်မာပြည်မြောက်ဖျားပိုင်း ကချင်ပြည်နယ်အတွင်း မေခနှင့်မလိခမြစ် အထက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေသည် ယမန်နေ့ နံနက်ပိုင်းမှစတင်ပြီး မြင့်တက်လာခဲ့ရာ မြစ်ကြီးနားမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၀၀ရှိသည့်အနက် မြစ်ရေသည် ယနေ့မွန်းလွဲ ၃နာရီ တိုင်းထွာချက်အရ ၁၃၆၈ စင်တီမီတာကျော်အထိ မြင့်တက်လာခဲ့သဖြင့် ရေများဝင်လျက်ရှိသည့် မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာများရှိ လူမှုကူညီရေးအသင်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။



မြစ်ကြီးနားမြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာသဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်း ရေများဝင်ရောက်နေမှုကို တွေ့ရစဉ်။

အဆိုပါ မြစ်ရေမြင့်တက်မှုဖြစ်စဉ်ကြောင့် မြစ်ကြီးနားမြို့ပေါ် ရပ်ကွက် ၁၆ခုနှင့် အာလမ်ကျေးရွာအုပ်စုတို့ရှိ ပြည်သူများအား ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာကျောင်းများတွင် လတ်တလော ရေဘေးရှောင်စခန်း ၃၀ဖွင့်လှစ်၍ ကူညီကယ်ဆယ်ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့ နံနက် ၁၀နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် မြစ်ရေမြင့်တက်မှုကြောင့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ မော်တော်ယာဉ်များ၊ အမြန်ရေယာဉ်ငယ်များနှင့် လှေများ စနစ်တကျစုဖွဲ့၍ အပိုင်းလိုက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် မြစ်ရေထပ်မံမြင့်တက်လာနိုင်ခြေရှိသည့်အပေါ် ပြည်သူများအား အသိပေးပြီး မြေနိမ့်ရပ်ကွက်များ လျင်မြန်စွာ ရွှေ့ပြောင်းနေရာချထားနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်မှ အောင်ဇေရန်အောင်ဘုရားအထိ စက်လှေများဖြင့် ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြည်သူများအား ရေလွတ်ရာ အမြန်ဆုံးရွှေ့ပြောင်းနိုင်ရေး၊ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်၍ ရွှေ့ပြောင်းနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြသည်။ ယင်းနောက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ရေကြည်ရပ်ကွက်အတွင်းမှ ရေဘေးရှောင်အိမ်ထောင်စု ၇၉စုတို့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးခဲ့ကြကာ နေ့လယ်စာထမင်းဘူးများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အောင်ဇေရန်အောင်ဘုရားဝင်းအတွင်း ရွှေ့ပြောင်းနေရာချထားပေးသည့် ရေဘေးရှောင်အိမ်ထောင်စု ၁၁၂စုတို့အား ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ချက်ပြုတ်စားသောက်နေမှုအခြေအနေများနှင့် အိမ်ထောင်စုများ နေထိုင်မှုတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးနှင့် လိုအပ်သည့် အထောက်အပံ့များ ကူညီပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် မြစ်ကြီးနားမြို့ မြေမြင့်ရပ်ကွက် မြေမြင့်ဘုန်းကြီးကျောင်းအတွင်း ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိမှု အခြေအနေများနှင့် လိုအပ်သည်များကို ကျောင်းထိုင်ဆရာတော်ထံ မေးမြန်းလျှောက်ထားကြပြီး ခိုလှုံနေထိုင်လျက်ရှိသော မိသားစုများအား မြစ်ရေ ထပ်မံမြင့်တက်လာနိုင်ခြေရှိသေးသည့်အတွက် ကျန်းမာရေးဂရုစိုက်နေထိုင်ကြရေး၊ လိုအပ်သည်များ အမြန်ဆုံးကူညီပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြကာ မိသားစုများအား မုန့်များ လိုက်လံဝေငှကျွေးမွေးခဲ့ကြသည်။



[redacted]

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် ရေဘေးရှောင်စခန်းမှ ဒေသခံပြည်သူများအား ကြည့်ရှုအားပေးစဉ်။

[redacted]

အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းကလည်း မြစ်ကြီးနားမြို့ ဇီးလွန်အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စည်ပင်သာယာရေးအဖွဲ့၊ အရာထမ်း၊ အမှုထမ်းများ၊ Kachin State Clean & Green Team အဖွဲ့ဝင်များနှင့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး အဆိုပါအထက်တန်းကျောင်း ကျောင်းဆောင်များအတွင်း ရွှေ့ပြောင်းနေထိုင်လျက်ရှိသော ရေဘေးရှောင်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ မိသားစုများ အဆင်ပြေစွာ နေထိုင်စားသောက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အောင်မြေသာစံခရိုင် စုပေါင်းရုံးသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် စုပေါင်းရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အဆိုပါ စုပေါင်းရုံးသစ် အဆောက်အအုံရှေ့ မင်္ဂလာနေရာတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဆောက်လုပ်ရေး ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး နှင့် တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန များမှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အောင်မြေသာစံခရိုင် စုပေါင်းရုံးသစ် အာစီရ် ၃ ထပ် အဆောက်အအုံ ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး အဆောက်အဦအထူးအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူးက အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက် စာတမ်းများကို အောင်မြေသာစံခရိုင်အုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်း ပေးအပ်ခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့ကို ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အဆောက်အအုံသစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေး၍ ရုံးသစ်ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ သစ်ပင်များကို စိုက်ပျိုးပေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းအမှတ်တရ ဓာတ်ပုံများရိုက်ကြပြီး နောက် အဆောက်အအုံအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်ပါသည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်ပါသည်။

မိုး/ဇလ

■ ရှေ့ဖုံးမှ

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၏ ဇနီးများ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၏ဇနီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ အမျိုးသမီးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၏ဇနီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးကော်မတီဥက္ကဋ္ဌ၏ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အမျိုးသမီးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံကျော် အနုပညာရှင်များ၊ အဆိုတော်များ၊ ဒီဇိုင်နာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် "မြန်မာအမျိုးသမီးများနေ့" တေးသီချင်း၊ "ပေါ့ပါးဝတ်ဆင်၊ ယဉ်ကျေးအသွင်"ခေါင်းစဉ်ဖြင့် နာမည်ကျော် ဝတ်စုံဒီဇိုင်နာများ ဖန်တီးဆန်းသစ်ထားသော ဝတ်စုံများ ဝတ်စားဆင်ယင်ပြသမှု၊ "ပြည်ထောင်စုကြီး ထာဝရတည်တံ့စေသား" တေးသီချင်း၊ တိုင်းရင်းသားသီချင်းများအပါအဝင် နိုင်ငံကျော်အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် "ပြည်ထောင်စုကြီး တို့ရဲ့မြန်မာ" သီချင်း၊ နာမည်ကျော် ဒီဇိုင်နာတို့၏ ဖန်တီးမှုလက်ရာများဖြင့် "ရွှေမငြီးစွဲမက်၊ ပိုးမင်းကြီး ပွဲတက်"ဝတ်စားဆင်ယင်ပြသမှုနှင့် တေးသီချင်းများ၊ တစ်ခန်းရပ်ပြဇာတ်များကို တင်ဆက်ပြသကြသည်။

**ဂုဏ်ပြုပန်းစည်းချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဂုဏ်ပြုပန်းစည်းချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့က လက်ခံရယူကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီးနှင့် တွဲဖက်အတွင်းရေးမှူး၏ဇနီးတို့က ဖျော်ဖြေတင်ဆက်ပေးကြသော အနုပညာရှင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲစီစဉ်သူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးကိုလည်းကောင်း ဂုဏ်ပြုပန်းစည်း ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများ၊ တာဝန်ရှိသူများက အနုပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

သတင်း-စာမျက်နှာ ၄









## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ (အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီခွဲက အဆိုပါတက္ကသိုလ်ရှိ ဘောလုံးအားကစားကွင်းတွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာ သွယ်လင်းကို၊ ဒေါက်တာ ဦးခင်မြို့၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်၊ ဒုတိယကျောင်းအုပ်ကြီး ဦးသီဟအောင်၊ အားကစားနှင့် ကာယပညာ ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ဘောလုံးပြိုင်ပွဲဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်း၊ အားကစားဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ကျောင်းသား၊ ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲစဉ်တွင် ဥပဒေပညာအသင်းနှင့် သင်္ချာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥပဒေပညာအသင်းက သင်္ချာအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဆုဖလားကို ဆွတ်ခူးရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တတိယဆုရ ရူပဗေဒအသင်းနှင့် ဒုတိယဆုရ သင်္ချာအသင်းတို့အား ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာဦးခင်မြို့၊ ဒေါက်တာ ခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်နိုင်၊ ဒုတိယကျောင်းအုပ်ကြီး ဦးသီဟအောင်တို့က တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် အကောင်းဆုံးအားကစားသမားဆုများကိုလည်းကောင်း၊ ပါမောက္ခချုပ်ဒေါက်တာ တင့်မိုးသူဇာက ပထမဆုရ ဥပဒေပညာအသင်းအား တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၈၂)**




### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။ **မိုး/ဇလ**

# သန့်ရှင်းသော လျှပ်စစ်စွမ်းအင် ရရှိနိုင်ရေး

------ မောင်မောင်စွယ်စုံထွန်း -------

၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအပေါ်တွင် လူအများ ပိုမိုအာရုံစိုက်လာခဲ့ကြပြီး ပညာရပ်တစ်ခုအနေဖြင့် စတင်လေ့လာခဲ့ကြပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုသည်မှာ ဇီဝရူပဗေဒနှင့် လူမှုစီးပွားဆိုင်ရာ လေ့လာမှုများကို ပေါင်းစပ်ထားသော ပညာရပ်တစ်ခုပင် ဖြစ်ပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ ဖွံ့ဖြိုးမှုသည် ကမ္ဘာ့နိုင်ငံများ၏ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေပြောင်းလဲမှုများအပေါ်တွင် များစွာတည်မှီနေသည်။ ထုထည်ကြီးမားကျယ်ပြန့်သော ဒေသဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းကြီးများ(ဥပမာ-လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများ၊ ကြီးမားသော ရေလှောင်တမံကြီးများ) စသည်တို့၏ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများသည် ဒေသအဆင့်မှသည် ကမ္ဘာနှင့်ချီ၍ စဉ်းစားလာကြရသည်အထိ ဖြစ်လာခဲ့ကြသည်။ ထို့ကြောင့်ပင် National Environmental Policy Act(NEPA) အမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒဆိုင်ရာဥပဒေအား အမေရိကန်ပြည်ထောင်စုတွင် ၁၉၆၉ ခုနှစ်၌ စတင်ပြဋ္ဌာန်းခဲ့ပြီး EIA ဟု အတိုကောက် ခေါ်ဝေါ်သုံးစွဲကြသော (Environmental Impact Assesment) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကျိုးသက်ရောက်မှုအကဲဖြတ်မှတ်တမ်းသည် စီမံကိန်းလုပ်ငန်းများ လုပ်ဆောင်ရာတွင် အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့ပါသည်။ ထိုအချိန်မှအစပြု၍ EIA စနစ်သည် နိုင်ငံအများအပြားတွင် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လာခဲ့သည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ပြီး အမျိုးသား ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနများ ဖွဲ့စည်းဆောင်ရွက်လာခဲ့သည်မှာ ယနေ့အထိ ဖြစ်သည်။

သန့်ရှင်းသော လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုနည်းပညာများတွင် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများသည် အဓိက ဆန်းစစ်ရမည့် အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။ ပတ်ဝန်းကျင်အား မကောင်းကျိုးများ ဖြစ်ပေါ်စေသော ရုပ်ကြွင်းလောင်စာများအစား သန့်ရှင်းသော လျှပ်စစ်စွမ်းအင်ကိုအသုံးချခြင်းသည် လေထု၊ ရေထုညစ်ညမ်းမှုများမှသည် သားရဲတိရစ္ဆာန်များ မျိုးတုန်းပျောက်ကွယ်မှုများ၊ လူထုကျန်းမာရေး ပျက်စီးဆုံးရှုံးမှုများ စသည်တို့တွင်သာမက ကမ္ဘာကြီးပူနွေးလာစေခြင်း စသည့် ဖြစ်စဉ်များကိုပါ လျှော့ချနိုင်သည်အထိ အကျိုးသက်ရောက်မှုကောင်းများကို ရရှိလာစေပါသည်။ သန့်ရှင်းသော လျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်သည့်နည်းပညာများ (ဥပမာ - လေအား၊ ရေအား၊ ဒီရေ၊ နေရောင်ခြည်စွမ်းအင် စသည်)တို့တွင် မည်သည့်ဖန်လုံအိမ်ဓာတ်ငွေ့ကိုမှ ထုတ်လုပ်ခြင်းမရှိကြောင်းကို တွေ့ရှိရပါသည်။

ဤနေရာတွင် ဖန်လုံအိမ်အာနိသင် (Greenhouse effect) ဆိုသည်ကို အနည်းငယ် ရှင်းပြလိုပါသည်။ ရေခိုးရေငွေ့နှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ သမမျှတစွာနှင့် သဘာဝ အလျောက် လေထုအတွင်း ရှိနေခြင်းကို ဆိုလိုပါသည်။ သိပ္ပံပညာရှင်များ၏ စမ်းသပ်မှုများအရ လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှုနှုန်းကို နှစ်ဆမြှင့်တင်ခဲ့မည်ဆိုပါက ကမ္ဘာ့အပူချိန်သည် ( ၅ ဒီဂရီမှ ၆ ဒီဂရီစင်တီဂရိတ်)အထိ မြင့်တက်လာနိုင်ပါသည်။ လေထုထဲကို ကာဗွန်ဒိုင်အောက်ဆိုဒ် ပိုမိုရောက်ရှိခြင်းဖြင့် ကမ္ဘာကြီး ပိုမိုပူနွေးလာခြင်းကို ကာကွယ်နိုင်စေရန် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့အား စုပ်ယူနိုင်စေသော အစိမ်းရောင်သစ်ပင်ပန်းပင်များ ပိုမိုစိုက်ပျိုးခြင်းဖြင့် အပူချိန်ကို ထိန်းညှိပေးနိုင်ပါသည်။ အဆိုပါ ဖြစ်စဉ်ကြောင့် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့(Greenhouse Gas) ဟု ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို ခေါ်ဆိုကြပါသည်။ ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့လျှော့ချနိုင်ရေးအတွက်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍ ရာသီဥတု သမမျှတလာစေရေးအတွက် သစ်ပင်များကို ပိုမိုစိုက်ပျိုးလာကြရန် လိုအပ်နေပြီဖြစ်ပါသည်။

ရုပ်ကြွင်းလောင်စာများဖြစ်ကြသော ရေနံထွက်ပစ္စည်းများနှင့် ကျောက်မီးသွေး စသည်တို့ကို အသုံးပြု၍ စက်မှုလုပ်ငန်းများ ထွန်းကားလာခြင်း၊ ကျောက်မီးသွေးသဘာဝဓာတ်ငွေ့ စသည်တို့ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်းများကြောင့် လေထုထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ တဖြည်းဖြည်း များပြားလာကာ ၂၀၁၆ ခုနှစ်တွင် အများဆုံး ဖြစ်လာခဲ့ပြီး တိုင်းထွာရရှိချက်များအရ 400 PPM ကျော် လာခဲ့သည့်အထိ ကြောက်ခမန်းလိလိ တိုးတက်လာခဲ့သဖြင့် ပင်လယ်သမုဒ္ဒရာများ၏ အက်ဆစ်ဂုဏ်သတ္တိသည်လည်း(၂၈%)အထိ မြင့်တက်လာခဲ့ရပြီး ကမ္ဘာ့အပူချိန်သည်လည်း အမြင့်ဆုံးအပူချိန်ကို ရောက်ရှိခဲ့သည်ဟု သိရှိရပါသည်။ မြောက်ဝင်ရိုးစွန်းမှ ရေခဲများ အရည်ပျော်လာပြီး သမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်လာခြင်း၏ တရားခံသည် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ဟု လူသိများသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ များပြားလာခြင်းသည် ကမ္ဘာကြီးပူနွေးလာရခြင်း၏ အဓိကတရားခံ ဖြစ်ကြောင်း သိပ္ပံပညာရှင်များအားလုံးက တညီတညွတ်ထဲ ကောက်ချက်ချခဲ့ကြပြီးဖြစ်ပါသည်။ ၁၉၈၀ ပြည့်လွန်နှစ်များမှာ အိုဇုန်းလွှာပေါက်ပြဲနေမှုကို ရှာဖွေတွေ့ရှိခဲ့ကြပြီး အိုဇုန်းလွှာပျက်စီးစေသော ဓာတုပစ္စည်းများကို ဆက်လက်မသုံးစွဲဖို့ မွန်ထရီရယ် ပရိုတိုကောအရ သဘောတူညီခဲ့ပြီး ဖြစ်သည့်အပြင် ၁၉၉၀ ပြည့်နှစ်တွင် ဘေဆယ်ကွန်ဗန်းရှင်းအရ အဆိပ်သင့်စွန့်ပစ်ပစ္စည်းများနှင့် ခဲဓာတ်ပါဝင်သော လောင်စာထုတ်လုပ်မှုကို လုံးဝရပ်တန့်ရန် သဘောတူညီခဲ့ကြပြီး ဖြစ်ပါသည်။

သိပ္ပံပညာရှင်များမှ ကမ္ဘာ့လေထုအပူချိန် မြင့်မားလာမှုကြောင့် ရာသီဥတု ပုံမှန်မဟုတ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများ မကြာခဏ တိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ တောမီးလောင်ခြင်း စသည်တို့ကို ဖြစ်ပေါ်နိုင်စေကြောင်း အခိုင်အမာသက်သေပြနိုင်ခဲ့ကြပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံကြား ဘင်္ဂလားပင်လယ်အော်၏ ကောင်းကင်ယံတွင် ရောက်ရှိနေသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုကြီးသည် ဆိုင်ကလုန်းမုန်တိုင်းများကို မကြာခဏဖြစ်ပေါ်စေလျက်ရှိပြီး ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံအောက်ပိုင်းကို အကြီးအကျယ်ပျက်စီးစေခဲ့သော နာဂစ်မုန်တိုင်းသည် အဆိုးရွားဆုံး ဖြစ်ခဲ့ကာ လူမှုဘဝ ပျက်စီးဆုံးရှုံးမှု အလွန်ပင်ကြီးမားခဲ့ပါသည်။ အဓိကတရားခံမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထုတ်လုပ်မှုများကြောင့်ပင် ဖြစ်သည်။ အဆိုပါအကြောင်းများကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဂရုမစိုက်ဘဲ ဆက်လက် နေထိုင်ဆောင်ရွက်သွားကြမည်ဆိုပါက နောင်အနှစ်(၅၀)ခန့်ကြာလျှင် ကျွန်တော်တို့နေထိုင်ရာဒေသများသည် ရေလွှမ်းမိုးသွားမှုများ ခံကြရတော့မည်ဖြစ်သလို ရေနှင့်အစားအစာ ပိုမိုခက်ခဲလာပြီး အငတ်ဘေးကိုလည်း ရင်ဆိုင်လာကြရတော့မည်မှာ မလွဲဧကန်ဖြစ်လာတော့မည် ဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်ရှိ လူပေါင်း သန်း ၃၀၀၀ ကျော်သည် ဂေဟစနစ်များ ပျက်စီးမှုကြောင့် ထိခိုက်ဆုံးရှုံးမှုများ ခံစားရလျက်ရှိပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် လူပေါင်း (၉)သန်းကျော်သည် အရွယ်မတိုင်မီ သေဆုံးလျက် ရှိကြပါသည်။ အပင်နှင့် တိရစ္ဆာန်မျိုးစိတ် (၁)သန်းကျော်သည်လည်း ဆယ်စုနှစ်အတွင်း မျိုးတုန်း ပျောက်ကွယ်သွားတော့မည် ဖြစ်သည်။

အဆိုပါ တွေ့ရှိချက်များကြောင့်ပင် ကမ္ဘာ့နိုင်ငံ အများအပြားတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့လျှော့ချနိုင်ရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်လျက်ရှိကြသလို ကမ္ဘာ့နိုင်ငံကြီး အများစုတွင်လည်း လျှပ်စစ်စွမ်းအင်ကို သန့်ရှင်းသောစွမ်းအင်အဖြစ် ရေအားနှင့် နေအားတို့မှသာ အဓိကထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လာနေကြပြီ ဖြစ်ပါသည်။ သန့်ရှင်းသောစွမ်းအင်ဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ လျှော့ချရေးနှင့် အစိမ်းရောင်အသွင်ပြောင်းလဲမှု မြင့်တင်ရေးတို့အား ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်လာခြင်းဖြင့် သက်ဆိုင်ရာနိုင်ငံများတွင် လူမှုစီးပွားဘဝများ ပိုမိုသာယာဖွံ့ဖြိုးတိုးတက်လာစေမည်သာမက အနာရောဂါကင်းရှင်းစွာဖြင့် ဘဝကို သာယာအေးချမ်းစွာ ပိုမိုဖြတ်သန်းလာနိုင်ကြမည် ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုရလျှင် ကမ္ဘာပေါ်တွင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုဆိုင်ရာပြဿနာများ မကြာခဏဖြစ်ပေါ်လျက်ရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အရာရာတွင် ထည့်သွင်းစဉ်းစားဆောင်ရွက်လာလျက်ရှိကြသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ထိရောက်စွာ ပိုမိုအသုံးချနိုင်ခဲ့မည်ဆိုပါက အဆိုပါ ပြဿနာများကို ပိုမို၍ ကျော်လွှားလာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒီရေ၊ လေအားနှင့် နေရောင်ခြည်စွမ်းအင်များ အလုံအလောက်ရှိသဖြင့် စက်ရုံများ တည်ဆောက်၍လည်းကောင်း၊ ရေအားမှ လျှပ်စစ်ထုတ်ယူနိုင်သော အရင်းအမြစ်များလည်း အလုံအလောက်ရှိသဖြင့် ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်၍လည်းကောင်း နိုင်ငံတော်၏ သန့်ရှင်းသော လျှပ်စစ်စွမ်းအင်ဆိုင်ရာစီမံကိန်းများကို ပိုမိုတိုးမြှင့်အကောင်ထည်ဖော် ဆောင်ရွက်လာနိုင်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမို၍ ဖွံ့ဖြိုးတိုးတက်သာယာလာစေမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

**သိပ္ပံပညာရှင်များမှ ကမ္ဘာ့လေထုအပူချိန် မြင့်မားလာမှုကြောင့်
ရာသီဥတု ပုံမှန်မဟုတ်ခြင်း၊ ဆိုင်ကလုန်းမုန်တိုင်းများ မကြာခဏ တိုက်ခတ်ခြင်း၊
ရေကြီးခြင်း၊ တောမီးလောင်ခြင်း စသည်တို့ကို ဖြစ်ပေါ်နိုင်စေကြောင်း
အခိုင်အမာသက်သေပြနိုင်ခဲ့ကြပြီး ဖြစ်ပါသည်။**

**ကမ္ဘာကြီး ပိုမိုပူနွေးလာခြင်းကို ကာကွယ်နိုင်စေရန် ကာဗွန်ဒိုင်
အောက်ဆိုဒ်ဓာတ်ငွေ့အား စုပ်ယူနိုင်စေသော အစိမ်းရောင်သစ်ပင်ပန်းပင်များ
ပိုမိုစိုက်ပျိုးခြင်းဖြင့် အပူချိန်ကို ထိန်းညှိပေးနိုင်ပါသည်။ အဆိုပါ ဖြစ်စဉ်ကြောင့်
ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့(Greenhouse Gas) ဟု ကာဗွန်ဒိုင်အောက်ဆိုဒ်
ဓာတ်ငွေ့ကို ခေါ်ဆိုကြပါသည်။ ထို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့
လျှော့ချနိုင်ရေးအတွက်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်၍
ရာသီဥတု သမမျှတလာစေရေးအတွက် သစ်ပင်များကို
ပိုမိုစိုက်ပျိုးလာကြရန် လိုအပ်နေပြီဖြစ်ပါသည်။**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Song Hye Kyo နှင့် Eloise Coisy တို့ ခင်မင်ရင်းနှီးမှုရှိကြ



ဆောင်းဟေကို သည် Chaumet PR ဒါရိုက်တာ အီလိုအိကိုစနီနှင့် ရင်းနှီးသော ဆက်ဆံရေးရှိခဲ့ကြပြီး အပြန်အလှန်အင်စတာဂရမ်မှ တစ်ဆင့် ဆက်သွယ်ထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

မကြာမီက ဆောင်းဟေကိုသည် ပြည်ပပွဲ အီတလီပွဲတစ်ခုသို့ တက်ရောက်ခဲ့ပြီး Chaumet PR ဒါရိုက်တာ အီလိုအိကိုစနီနှင့် ဓာတ်ပုံရိုက်ထားသည့်ပုံကို အီလိုအီကိုစနီက သူ၏ အင်စတာဂရမ်တွင် တင်ခဲ့သည်။

ဆောင်းဟေကိုကလည်း ချစ်လှစွာသော မိတ်ဆွေ အီလိုအီကိုစနီ မင်းရဲ့ချစ်ခင်စွာနှင့် ထောက်ပံ့ကူညီပေးမှုများအတွက် ကျေးဇူးတင်ပါသည်ဟု အင်စတာဂရမ်တွင် ပြန်တင်ပေးထား၍ သူတို့နှစ်ဦးရင်းနှီးခင်မင်မှုများ နွေးထွေးသည်ဟု ပရိသတ် မှတ်ချက် ပေးထားကြသည်။

ဆောင်းဟေကို၏ တောက်ပသောအပြုံးနှင့် တည်ငြိမ်အေးချမ်းမှုမှာ အီတလီပွဲတော်တွင် မြင်သူတိုင်း ငေးမောခဲ့ကြရသည်။ (SKY)



## အစားအစာပြင်ဆင်ရာတွင် ပလတ်စတစ်ပြား အသုံးပြုခြင်းက ကျန်းမာရေးကို ထိခိုက်နိုင်

အစားအစာများကို ပလတ်စတစ်ပြားပေါ်တင်၍ လှီးဖြတ်ခုတ်စဉ်းသည့်အခါတိုင်း ထိုပလတ်စတစ်ပြားမှ အရွယ်အစားအားဖြင့် ၅ မီလီမီတာအောက် သေးငယ်သော ပလတ်စတစ်အမှုန်ပေါင်း ၁၁၁၄ ခု ပွဲထွက်လာကာ အစားအစာများတွင် ကပ်ညိသွားပြီး ထိုအစားအစာများကို စားသောက်မိရာကတစ်ဆင့် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်နိုင်သည်ဟု သုတေသနတစ်ခု ပေါ်ထွက်လာကြောင်း ဟင်ဒူစတန်တိုင်းမ်စ် သတင်းဌာနက ဖော်ပြသည်။

ထိုပလတ်စတစ်မှုန်များသည် ကိုယ်တွင်းဟော်မုန်းများကို ကစဉ့်ကလျားဖြစ်စေခြင်း၊ မျိုးပွားစနစ်ကို အနှောင့်အယှက်ပြုခြင်း၊ သွေးခဲခြင်း၊ ခန္ဓာကိုယ်ရောင်ရမ်းခြင်းစသည့် နာတာရှည်ရောဂါများကို ဖြစ်ပွားစေနိုင်သည်။

ပလတ်စတစ်ပြားအစား ကျောက်၊ ဝါးနှင့် သစ်သား စဉ်းတီတုံးများကို ပြောင်းလဲအသုံးပြုသင့်ကြောင်း သိရသည်။ SCI



## Bae Suzy ကြော်ငြာရိုက်ကွင်းမှာ ဇာတ်ကားနှင့်တူနေ

အဆိုတော်၊ သရုပ်ဆောင် ဘေးဆူဇီ၏ Heydealer ကြော်ငြာရိုက်ကွင်းမှာ ရုပ်ရှင်ကားနှင့်တူနေသည်ဟု ပရိသတ်မှတ်ချက်ပေးထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ကြော်ငြာတွင် ဘေးဆူဇီနှင့်အတူ လူအင်အားများစွာ အသုံးပြုထားပြီး ဇာတ်ဝင်ခန်းများနှင့် ရိုက်ကူးကြော်ငြာထားရာ ဘေးဆူဇီသရုပ်ဆောင်ထားသည့် ဇာတ်ကောင် အန်နာနှင့် ဒူနာကို တစ်ပြိုင်တည်းကြည့်ရသကဲ့သို့ ခံစားရသည်ဟု မှတ်ချက်ပေးထားကြသည်။

အသုံးပြုပြီး ကားများကို ပြန်လည်ပြုပြင်ရန် Heydealer ကြော်ငြာဖြစ်ပြီး အကောင်းဆုံးများထဲမှ အကောင်းဆုံးကိုသာ ရွေးချယ် အသုံးပြုရန် ဘေးဆူဇီက အကြံပေးကြော်ငြာထားသည်။

ဘေးဆူဇီ၏ လှပချောမောမှုနှင့်အတူ သရုပ်ဆောင်စွမ်းရည်ကိုပါ ယင်းကြော်ငြာတွင် မြင်တွေ့ရ၍ ပရိသတ်သဘောကျနေကြသည်။ (SKY)


## Byeon Woo Seok ထိုင်ဝမ်ပရိသတ်များနှင့် တွေ့ဆုံခဲ့

မျိုးဆက်သစ်အနုပညာရှင် ဗြောင်ဝူဆွတ်သည် Lovely Runners နှင့် နာမည်ကျော်ခဲ့ပြီး ထိုင်ဝမ်ပရိသတ်များနှင့် တွေ့ဆုံရာတွင် အရင်အတိုင်း မပြောင်းလဲခဲ့၍ ပရိသတ်သဘောကျနေကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထိုင်ဝမ်ပရိသတ်များက သူ့ပိုစတာကိုထမ်း၍ လာရောက်ခဲ့ကြရာ ဗြောင်ဝူဆွတ်က သေချာကြည့်ရှုံတင်မက အသိအမှတ်ပြုပေးခဲ့ပြီး ရင်ထဲမှလာသော အပြုံးများနှင့်ပြန်လည်တုံ့ပြန်ပေးခဲ့သည်။

ဗြောင်ဝူဆွတ်မှာ Strong Girl Namsoon နှင့် အနုပညာလောကသို့ ဝင်ရောက်လာခဲ့ပြီး Lovely Runners နှင့် အောင်မြင်ကျော်ကြားခဲ့သော်လည်း ယခင်အတိုင်း နွေးထွေးသော အပြုံးနှင့် ပရိသတ်ကို ကြိုဆိုခဲ့သည်။

နိုင်ငံအနှံ့ ပရိသတ်တွေ့ဆုံပွဲများ ကျင်းပခဲ့ရာ သူ၏အေဂျင်စီမှာ သေးငယ်သော်လည်း စီအီးအိုမှာ အစွမ်းရှိသူဖြစ်၍ ခြေဆန့်ခဲ့သည့်အပြင် ဖူလိုင်လထုတ် Harper's Bazzar တွင် မျက်နှာဖုံးရှင်ဖြစ်ခဲ့သည်။(SKY)




## Chen ZheYuan က Game of Cubes ပိုစတာရိုက်ကူးရေး နောက်ကွယ်မှ ပထမရရှိခဲ့ကြောင်း တင်ထား

တရုတ်အနုပညာရှင် ချန်ရှီယွမ်ကို Game of Cubes ပိုစတာရိုက်ကူးရေး နောက်ကွယ်မှ ဗီဒီယိုအား စတူဒီယိုတင်ထားပေးပြီး သူပထမရသည့် ဗီဒီယိုကိုပါ တင်ပေးထားသည်ဟု ဝိန်ဘို ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ချန်ရှီယွမ်သည် ရသစုံလင် အစီအစဉ်တစ်ခုတွင် ပါဝင်ခဲ့ပြီး ယခင်အပတ်က အဖွဲ့လိုက်ယှဉ်ပြိုင်ပွဲ၌ ဒုတိယရရှိထားကာ ယခုအပတ်တစ်ဦးချင်းသီးသန့်ပြိုင်ပွဲတွင် ပထမရရှိခဲ့သည်။

ယခင်အပတ်က အဖွဲ့လိုက်ယှဉ်ပြိုင်ရသော်လည်း ကစားဖော်ရှာမရသည်မှာ အဆင်မပြေ၍ တစ်ဦးတည်းပြိုင်ခဲ့ပြီး ယခုအပတ်အစီအစဉ်တွင် ကစားပွဲနည်း စနစ်နှင့် ဇာတ်လမ်းအတွက်သာ ဇာတ်ညွှန်းရှိခဲ့ပြီး ကစားသမားများက ကိုယ်ပိုင်ဉာဏ်စွမ်း၊ အတွေးအခေါ်များနှင့်သာ ကစားခဲ့ကြရသည်။

ချန်ရှီယွမ်သည် ဒရမ်မာဇာတ်ကားများနှင့် အနုပညာစွမ်းရည်ထူးချွန်သကဲ့သို့ ရသစုံရှိုးကစားရာတွင်လည်း အကောင်းဆုံးကြိုးစားခဲ့သူဖြစ်သည်။(SKY)



## Kim Hye-yoon ကို The Year We Turned 29 ရိုက်ကူးရန် ကမ်းလှမ်းခံရ



အသက် ၂၉ နှစ်အရွယ် သူငယ်ချင်း မိန်းကလေးသုံးဦးအကြောင်းဖြစ်သည့် The Year We Turned 29 ကို ရုပ်သံဇာတ်လမ်းအဖြစ် ရိုက်ကူးရန် ကင်ဟေယွန်းကို ကမ်းလှမ်းခံရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်လမ်းတွဲမှာကာတွန်းကို အခြေခံ၍ ပြန်လည်ရိုက်ကူးမည်ဖြစ်ပြီး လူကြိုက်များ ရေပန်းစားသောကြောင့် ပရိသတ်စိတ်ဝင်စားနေကြရာ ကင်ဟေယွန်အပါအဝင် အမျိုးသမီးသရုပ်ဆောင်သုံးဦးကို စောင့်မျှော်နေကြသည်။

ယင်းဇာတ်လမ်းတွဲတွင် ကင်ဟေယွန်အပြင် ဂျိုင်လည်း ပါဝင်ရန် ကမ်းလှမ်းခံထားရပြီးနောက်တစ်ဦးအတွက် စောင့်မျှော်နေကြပြီး ပရိသတ်များက သူတို့နှစ်ဦး ပါဝင်ရန် လက်ခံစေချင်နေကြသည်။ (SKY)



## Katrina Kaif အနုပညာအတွက် ဖခင်မျိုးရိုး ဆက်ခံခဲ့

ကတ်သရီနာကာဖ်သည် ဟောလိဝုဒ်၊ ဗြိတိသျှ၊ ဘောလိဝုဒ် အနုပညာရှင်တစ်ဦးဖြစ်ခဲ့ပြီး ဘောလိဝုဒ်အနုပညာလောကသို့ဝင်ရန် ဖခင်မျိုးရိုးကို ဆက်ခံခဲ့သည်ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

ကတ်သရီနာကာဖ်၏ အမည်ရင်းမှာ ကတ်သရီနာတူကွာတိုဖြစ်ပြီး ဖခင်၏ မျိုးရိုးအမည် ကပ်ဖ်ကို နာမည်နောက်တွင် ထည့်၍ ကတ်သရီနာကာဖ်အဖြစ် အိန္ဒိယအနုပညာရုပ်ရှင်လောကသို့ ဝင်ရောက်ခဲ့သည်။

ကတ်သရီနာကာဖ်၏ မိခင်မှာ ဆူဆန်နာတူကွာတို ဖြစ်ပြီး မျက်ခုံး၊ မျက်လုံးလှပသူဖြစ်ကာ ဖခင်၏ သွေးနှောထား၍ ကက်ရှ်မီးယားနွယ်ဖွား ဖခင်အမည်မှာ မိုဟာမက်ကာဖ်ဖြစ်ကာ အလှတရားများကို ပိုင်ဆိုင်ထားသည်။

သရုပ်ဆောင်ဇစ်ကီနှင့် လက်ထပ်ထားပြီး ပျော်ရွှင်သော အိမ်ထောင်ရေးကို တည်ထောင်ထားသည်။ (SKY)

# ဂျိုးဘိုင်ဒင် သမ္မတတာဝန်ထမ်းဆောင်နိုင်ဦးမည်ဟု ဒီမိုကရက်ပါတီ အားပေးထောက်ခံကြသူများ ယုံကြည်



**ဝါရှင်တန် ဇူလိုင် ၁**

ဂျိုးဘိုင်ဒင် သမ္မတတာဝန်ထမ်းဆောင်နိုင်ဦးမည်ဟု အမေရိကန်ပြည်ထောင်စုရှိ ဒီမိုကရက်ပါတီအားပေးထောက်ခံကြသူများ ယုံကြည်နေကြဆဲဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အသက် ၈၁ နှစ်အရွယ် သမ္မတ ဂျိုးဘိုင်ဒင်သည် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ ထပ်မံယှဉ်ပြိုင်လျက်ရှိသော်လည်း ၎င်း၏အဓိကပြိုင်ဘက် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်နှင့် မကြာသေးမီက ပထမဆုံး စကားစစ်ထိုးခဲ့သည်။

စီအင်န်အင်န်သတင်းဌာနက စီစဉ်ပေးခဲ့သည့် ထိုစကားစစ်ထိုးပွဲတွင် ဂျိုးဘိုင်ဒင်၏ အပြုအမူနှင့် အပြောအဆိုသည် သွက်လက်ချက်ချာမှုမရှိဘဲ သုန်မှုန်ထိုင်းမှိုင်းနေခဲ့သည်။

အသက်အရွယ် အိုမင်းနေပြီး သန်စွမ်းခြင်းမရှိတော့ကြောင်း သိသာထင်ရှားလှသဖြင့် ဂျိုးဘိုင်ဒင် သမ္မတဆက်မလုပ်သင့်တော့ဟု ဝေဖန်ထောက်ပြခဲ့ကြသည်။

စီဘီအက်စ်သတင်းဌာနက ဇွန် ၃ ရက်တွင် ပရိသတ်အမြင်ကောက်ခံကြည့်ခဲ့ရာတွင်မူ ဂျိုးဘိုင်ဒင် သမ္မတတာဝန်ထမ်းဆောင်နိုင်ဦးမည်ဟု မဲဆန္ဒရှင် ၇၂ ရာခိုင်နှုန်းက ယုံကြည်နေကြဆဲဖြစ်သည်ဟု ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

**Mon**



# အိန္ဒိယဒုတိယသမ္မတဟောင်း၏ အတ္ထုပ္ပတ္တိစာအုပ်များ ဝန်ကြီးချုပ် နာရင်ဒရာမိုဒီကိုယ်တိုင် မိတ်ဆက်ပေး

**ဒေလီ ဇူလိုင် ၁**

အိန္ဒိယဒုတိယသမ္မတဟောင်း ဗင်ကာအီယာနိုင်ဒူး၏ အတ္ထုပ္ပတ္တိစာအုပ် သုံးအုပ်ကို ဇူလိုင် ၁ ရက်က ဝန်ကြီးချုပ် နာရင်ဒရာမိုဒီကိုယ်တိုင် မိတ်ဆက်ပေးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းဒုတိယသမ္မတဟောင်း၏ ၇၅ နှစ်မြောက် မွေးနေ့တွင် ထိုစာအုပ် သုံးအုပ်အကြောင်း ဗီဒီယိုအစည်းအဝေးမှတစ်ဆင့် ဝန်ကြီးချုပ်က မိတ်ဆက်ပေးရင်း ၎င်းတို့နှစ်ဦး တွေ့ဆုံခဲ့သည့် ရှေးဟောင်းနှောင်းဖြစ်များကိုလည်း ပြောကြားခဲ့သည်။

ဒုတိယသမ္မတဟောင်း ဗင်ကာအီယာနိုင်ဒူး၏ တိုင်းပြည်သည်သာပထမ မူဝါဒကို အစဉ်တစိုက် ကျင့်သုံးခဲ့သူဖြစ်ကြောင်း သိရသည်။

**Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

# တောင်အာဖရိကသမ္မတ ဆိုင်ရီးလ်ရာမာဖိုဆာ ညွန့်ပေါင်းအစိုးရသစ် ဖွဲ့စည်းပြီးပြီဟု ကြေညာ

**ကိပ်တောင်း ဇူလိုင် ၁**

တောင်အာဖရိက သမ္မတအဖြစ် ထပ်မံရွေးကောက်တင်မြှောက်ခံရသည့် ဆိုင်ရီးလ်ရာမာဖိုဆာက ညွန့်ပေါင်းအစိုးရသစ် ဖွဲ့စည်းပြီးပြီဟု ဇွန် ၃၀ ရက်က ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရွေးကောက်ပွဲတွင် ၎င်းကိုယ်စားပြုသော အာဖရိကန်အမျိုးသားကွန်ဂရက်ပါတီဘက်မှ အစိုးရဖွဲ့နိုင်လောက်အောင် အမတ်အရေအတွက် ပြည့်မီခြင်းမရှိသဖြင့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းခဲ့ရခြင်းဖြစ်သည်။

အဆိုပါ အစိုးရအဖွဲ့သစ်တွင် ဝန်ကြီး ၃၂ ဦး ပါဝင်ရာ အေအင်န်စီခေါ် အာဖရိကန်အမျိုးသားကွန်ဂရက်ပါတီကိုယ်စားပြု ဝန်ကြီး ၂၀ ဦး၊ အဓိက အတိုက်အခံဖြစ်သည့် ဒီမိုကရက်တစ်မဟာမိတ်အင်အားစုကို ကိုယ်စားပြုသော ဝန်ကြီး ၆ ဦး၊ အခြားပါတီငယ်များကို ကိုယ်စားပြုသော ဝန်ကြီး ၆ ဦးတို့ဖြစ်ကြသည်ဟု သမ္မတ ရာမာဖိုဆာက ရှင်းပြသည်။

တောင်အာဖရိကရှိ လူဖြူများဘက်တွင် ရပ်တည်သော ဒီမိုကရက်တစ်မဟာမိတ်အင်အားစုနှင့် ပူးပေါင်းပြီး အစိုးရဖွဲ့ခဲ့သဖြင့် ရှေးရိုးစွဲဝါဒီများက ရာမာဖိုဆာကို ဝေဖန်လျက်ရှိကြောင်း သိရသည်။

**Mon**



# လက်ယာဝါဒီ မာရင်းလီပင်း၏ အမျိုးသားပါတီ ပြင်သစ်ကြားဖြတ်ရွေးကောက်ပွဲ၌ ဦးဆောင်နေ

**ပဲရစ် ဇူလိုင် ၁**

ပြင်သစ်နိုင်ငံတွင် သမ္မတ အီမန်နျူယယ်မာခရွန်၏ တောင်းဆိုမှုအရ ကြားဖြတ်ပါလီမန်ရွေးကောက်ပွဲ ကျင်းပပြီး ဇွန် ၃၀ ရက်က မဲဆန္ဒရှင်ပြည်သူလူထု၏ ပထမအကျော့ မဲဆန္ဒခံယူခဲ့သည်။

ယင်းပထမအရစ် မဲပေးပွဲမှ ကောက်ခံရရှိခဲ့သော မဲများကို ရေတွက်ရာ၌ လက်ယာဝါဒီ မာရင်းလီပင်း၏ အမျိုးသားပါတီက ဦးဆောင်နေကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

အများအားပေးထောက်ခံမှု ဆက်လက်လျော့နည်းနေသဖြင့် ရာထူးမှနုတ်ထွက်ပေးရန် အတိုက်အခံ နိုင်ငံရေးအင်အားစုဝင်များ တောင်းဆိုသည်ကို မကျေနပ်ရာမှ ယင်းကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် သမ္မတ အီမန်နျူယယ်မာခရွန်က တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ထွက်ပေါ်လာသော မဲရလဒ်အရ မာရင်းလီပင်း၏ အမျိုးသားပါတီက ထောက်ခံမဲ ၃၄ ရာခိုင်နှုန်း၊ လူကြိုက်များတပ်ဦးသစ် နိုင်ငံရေးမဟာမိတ်အင်အားစုက ၂၉ ရာခိုင်နှုန်းနှင့် မာခရွန်၏ အလယ်အလတ်ပါတီက ၂၀ ဒသမ ၅ ရာခိုင်နှုန်း အသီးသီး ရရှိခဲ့သည်။

ဒုတိယအကျော့တွင်လည်း အမျိုးသားပါတီကသာ ဆက်လက်အနိုင်ရရန် အလားအလာကောင်းသည်ဟု ပြင်သစ်နိုင်ငံရေးစောင့်ကြည့်ဝေဖန်သူများက ခန့်မှန်းကြောင်း သိရသည်။

**Mon**

0-0-0-0

# ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းကာလများမှစ၍ ဂျပန်နိုင်ငံတွင် မြေဈေးနှုန်းများ မြင့်တက်

**တိုကျို ဇူလိုင် ၁**

ဂျပန်နိုင်ငံရှိ မြေဈေးနှုန်းများ ၂၀၁၀ ပြည့်နှစ် နောက်ပိုင်းကာလများမှစ၍ ယခုနောက်ပိုင်းအထိ တရိပ်ရိပ်မြင့်တက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တိုကျို၊ ဟော့ကိုင်းဒိုးကျွန်းမြောက်ဘက်ခြမ်းနှင့် အိုကီနာဝါတောင်ဘက်ခြမ်းတို့ အပါအဝင် ဂျပန်တစ်နိုင်ငံလုံးရှိ ဒေသပေါင်း ၄၇ ခုအနက် ၂၉ ခုတွင် မြေဈေးနှုန်းများ မြင့်တက်နေဆဲဟု ဆိုသည်။

ပြည်တွင်းမြေဈေးနှုန်းများသည် ၂၀၂၁ ခုနှစ်တွင် သုညဒသမ ၅ ရာခိုင်နှုန်းသာ မြင့်တက်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်တွင် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း အမျိုးသားအခွန်စစ်တမ်းတွင် ဖော်ပြထားသည်။

ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာနိုင်သည့် အလားအလာအပေါ်တွင်အခြေခံကာ ဂျပန်နိုင်ငံအနှံ့အပြား၌ မြေဝယ်လိုအား များလာရာမှ ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ကြသည်။

**Mon**






အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်တွင် ဇွန်လကုန်ပိုင်းက ကျင်းပသော ၂၀၂၄ ခုနှစ် ကမ္ဘာ့ရုပ်အဆိုးဆုံးခွေးပြိုင်ပွဲ၌ ပထမဆုရရှိခဲ့သည့် အသက် ၈ နှစ်အရွယ် ဝိုင်းလ်သန်းကို သခင်ဖြစ်သူနှင့်အတူ တွေ့ရစဉ်။ **Mon**



# အီဂျစ်နိုင်ငံ ရှေးဟောင်းမြို့ အက်စွမ်တွင် မမ်မီရုပ်အလောင်း ၁၄၀၀ တူးဖော်တွေ့ရှိ



**ကိုင်ရို ဇူလိုင် ၁**

အီဂျစ်နိုင်ငံ ရှေးဟောင်းမြို့ အက်စွမ်တွင် ၆၀၀ ဘီစီမှ ၃၀၀ အေဒီကြားဟု ကာလသတ်မှတ်ထားသော မမ်မီသင်္ချိုင်းဂူပေါင်း ၃၆ ဂူကို ရှေးဟောင်းသုတေသီများ မကြာသေးမီက တူးဖော်တွေ့ရှိခဲ့ကြောင်း တိုင်းမ်စ်နောင်းသတင်းဌာနက ဖော်ပြသည်။

သင်္ချိုင်းဂူ တစ်ဂူစီ၌ မမ်မီရုပ်အလောင်း ၃၀ မှ ၄၀ အထိ ဂူသွင်းထားသည့်အတွက် သိပ္ပံပညာရှင်များက လူသေမြို့ဟုပင် သမုတ်ကြသည်။

၎င်းသင်္ချိုင်းဂူများကို နှစ်ပေါင်း ၉၀၀ တိုင်အောင် အသုံးပြုထားပြီး ကူးစက်ရောဂါကြောင့် သေဆုံးသည့် ရုပ်အလောင်းများ ဖြစ်ဖွယ်ရှိကာ ရာထူးအလိုက် မြင့်ရာမှ နိမ့်ရာသို့ စဉ်ထားသည်ကိုပါ တွေ့ရှိရကြောင်း သိရသည်။

**Mon**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၃၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Myat Noe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ ထက်မြတ်နိုးအား မွန်းလွဲ ၁ နာရီခွဲတွင် အောင်မြေသာစံမြို့နယ် အမှတ်(၄) နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မိုးညှင်းမြို့နယ်တွင် ငွေစက္ကူအတုများဖမ်းဆီးရမိ

မိုးညှင်း ဇူလိုင် ၁

ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ် နန့်စီးအောင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယာဉ်များအား တရားမဝင်ကုန်စည်များတင်ဆောင်ဖြန့်ဖြူးခြင်းမရှိစေရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စစ်ဆေးဖော်ထုတ်ချက်အရ ခရီးသည်တင်ယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည်နှစ်ဦးထံမှ ငွေစက္ကူအတုများဖြင့် ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၂၇ ရက် ညနေ ၅နာရီခွဲက မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး ထွန်းထွန်းအောင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းစစ်ဆေးရေးဂိတ်တာဝန်ကျ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ ယာဉ်များအား ရှာဖွေစစ်ဆေးဆောင်ရွက်ရာ ရန်ကုန်မြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ ထွက်ခွာလာသော ခရီးသည်တင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ခုံအမှတ် (E-1)တွင် ရန်ကုန်မြို့မှ ဟိုပင်မြို့အထိ ခရီးသည်အဖြစ် လိုက်ပါလာသော ခရီးသည်(၂)ဦးအား ရှာဖွေခဲ့ရာ ယာဉ်၏ ထိုင်ခုံရှေ့ ကြမ်းခင်းပေါ်တွင် မောင်---၏ အနီရောင်ကျောပိုးအိတ်အတွင်းနှင့် ၎င်းကျောပိုးအိတ်အတွင်းရှိ VERDE တံဆိပ်ပါ အင်္ကျီဝဲဘက် အိတ်ကပ်အတွင်းမှ ငွေစက္ကူအတုများဟု ယူဆရသော ငွေစက္ကူတစ်သောင်းတန် ၅၃၇ ရွက်၊ လက်ကိုင်ဖုန်း(၁)လုံး၊ မ---၏ မြွေအရေခွံလက်ဆွဲအိတ်အတွင်း PE TI တံဆိပ်ပါ မုန့်ဘူးခွံအတွင်းမှ ငွေစက္ကူအတုများဟု ယူဆရသော တစ်သောင်းကျပ်တန်ငွေစက္ကူ(၆၀၀)ရွက်၊ ၎င်းကိုင်ဆောင်သော လက်ကိုင်ဖုန်း(၁)လုံးတို့အား ရှာဖွေတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်ကြောင့် ငွေစက္ကူအတုများ ကိုင်ဆောင်သည့် မောင်---(၄၀)နှစ်နှင့် မ---(၂၆)နှစ်တို့(၂)ဦးအား မိုးညှင်းမြို့မရဲတပ်ဖွဲ့စခန်းမှ (ပ)၄၄/၂၀၂၄၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၁၀၅/၁၀၆ အရအမှုဖွင့်လှစ် အရေးယူထားကြောင်း သိရသည်။

(၄၄၄)

၀-၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀




## စစ်မှုထမ်းဆောင်ရန် မန္တလေးမြို့ရှိ ရပ်ကွက်တစ်ခုလျှင် လူ ၃၀ တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇူလိုင် ၁

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် စစ်မှုထမ်းဆောင်ရန်အတွက် ရပ်ကွက်တစ်ခုလျှင် လူ ၃၀ တောင်းခံနေကြောင်း မှန်ကန်မှုမရှိသည့် သတင်းတု၊ သတင်းအမှားများကို ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မန္တလေးမြို့ရှိ ရပ်ကွက်တစ်ခုလျှင် လူ ၃၀ တောင်းခံသည့်သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး တာဝန်ရှိသူများအနေဖြင့် အတည်ပြုပြဋ္ဌာန်းထားသည့် ဥပဒေများအတိုင်းသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက လူမှုကွန်ရက်တွင် မဟုတ်မမှန် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများဖြင့် ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ ဆောင်ရွက်

မင်းဘူး ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး၊ မင်းဘူး ခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက မင်းဘူးမြို့ အခြေခံပညာမူလတန်းကျောင်း (စက္ကီနွဲ)၌ ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးမြို့ အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲအုပ်ဝေလင်းနိုင် ဦးဆောင်ပြီး တပ်ဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းတက်၊ ကျောင်းဆင်း သွားလာရာတွင် ယာဉ်၊ လမ်းအန္တရာယ်မဖြစ်ပွားစေရေးနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သွားလာနေထိုင်တတ်စေရေးတို့အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အန္တရာယ်သတိပေးလမ်းညွှန်ချက်များ၊ တားမြစ်ခြင်း၊ ကန့်သတ်ခြင်း လမ်းညွှန်များ၊ အမိန့်ပေးလမ်းညွှန်များ၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ဦးစားပေးယာဉ်များ၊ မော်တော်ယာဉ် မောင်းနှင်သူနှင့် ယာဉ်နောက်လိုက်ပါစီးနင်းသူများ လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို အသိပညာပေး ဟောပြောခဲ့ပြီးနောက် တက်ရောက်လာသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသ များအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

၀-၀-၀-၀-၀

## ပန်းမော်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ဇွန် ၃၀ ရက် မွန်းလွဲ ၃ နာရီတွင် သက်သေများနှင့်အတူ ဗန်းမော်မြို့၊ နောင်ခိုရပ်ကွက်၊ သကြားစက်လမ်းကြားတွင် စန်းစန်းဌေးဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မွန်းလွဲ ၃ နာရီခွဲတွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများရောင်းချသူ နှင်းအောင်ဆိုသူအား ၎င်းနေထိုင်သည့် ဗန်းမော်မြို့၊ နောင်ခိုရပ်ကွက်ရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၁၀ နှင့်လက်ကိုင်ဖုန်းတစ်လုံးတို့အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စန်းစန်းဌေး(၃၃)နှစ်ဆိုသူနှင့် နှင်းအောင်(၄၀)နှစ်ဆိုသူတို့အား ဗန်းမော်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုများရေးဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀

၀-၀-၀-၀-၀



■ စာမျက်နှာ ၂၄ မှ

၆ ပေမှ ၁၀ ပေခန့်မြင့်တက်လာနိုင်သည်။

"မန္တလေးဆိပ်ကမ်းမှာ လာမယ့် ၁ ရက် ၂ ရက်အတွင်း မြစ်ရေက အနည်းငယ်ကျဆင်းနိုင်ပြီး ဇူလိုင် ၃ ရက်နောက်ပိုင်းမှာ ဆက်တိုက် တိုးလာနိုင်ပါတယ်။ မိုးလေဝသနဲ့ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနကလည်း ဇူလိုင်လပထမ ၁၀ ရက်ပတ်အတွင်းမှာ မြစ်ရေ ၆ ပေကနေ ၁၀ပေခန့်တိုးလာနိုင်တယ်လို့ ထုတ်ပြန်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြစ်ရေကြီးမှုကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးလျော့ပါးရေးနှင့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန် မြစ်ရေကြီးခြင်း သတိပေးချက်များကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပြီး အများပြည်သူအနေဖြင့် ရေကြီးရေလျှံမှု မဖြစ်ပေါ်မီ၊ ရေကြီးရေလျှံစဉ်နှင့် ယင်းနောက်ပိုင်းဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ကြရန် လိုကြောင်း သိရသည်။ (မန္တလေးနေ့စဉ်-၉)

ယူရို ၂၀၂၄ ဥရောပဖလား ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်

ပေါ်တူဂီ ၃ - ၀ ဆလိုဗေးနီးယား (ပင်နယ်တီအဆုံးအဖြတ်ဖြင့်နိုင်)

ပေါ်တူဂီအသင်း ကွာတားဖိုင်နယ်တက်ရောက်

ပေါ်တူဂီအသင်းသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၆ရက်တွင် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)

# မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တို့တွင် တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၁၂ ဦးနှင့် တရုတ်နိုင်ငံသား ၂၉၅ ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၇ ရက် နံနက် ၁ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက် ၆၁ လမ်းနှင့် ၆၂ လမ်းကြား၊ ၁၁၇ လမ်းရှိ ကိုထင်ရှမ်း၏နေအိမ်တွင် တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ကိုင်နေကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ ဝင်ရောက်ရှာဖွေရာတွင် နေအိမ်အပေါ်ဆုံးထပ်ရှိ ဧည့်ခန်းအတွင်း၌ အွန်လိုင်းလောင်းကစား ပြုလုပ်ရန်အတွက် အငှားထားသော အိမ်ပိုင်ရှင်ဖြစ်သူ ထင်ရှမ်း ၃၂ နှစ် (ဘ)ဦးအောင်နိုင်နှင့် တရားမဝင်အွန်လိုင်းလောင်းကစား လုပ်ငန်း လုပ်ကိုင်နေသူများ ဖြစ်ကြသည့် ပုသိမ်ကြီးမြို့နယ် နန်းဦးလွင်ရပ်ကွက်နေ မန်နေဂျာ ရန်ဝင်းမြင့်(ခ) ကျန်ဝမ်ရီ ၂၁ နှစ် (ဘ)ဦးကျော်ဝင်း၊ လောက်ကိုင်မြို့နယ် ကျုံးရှန်ကျေးရွာနေ ကြီးကြပ်လုပ်ကိုင်သူ လော်ကျင်းကျွမ် ၂၆ နှစ်(ဘ)ဦးလော်ဆုရောင်းနှင့် လောင်းကစားဂိမ်းဝန်ထမ်းများဖြစ်ကြသည့် တာမိုးညဲမြို့ အမှတ်(၄)ရပ်ကွက်နေ ဇင်မာထွေး (ခ)ရင်ရုံ ၁၉ နှစ် (ဘ)ဦးမကျင်အမ်းပါ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်းအိမ်ရှင်တစ်ဦးအပါအဝင် တရားခံ ၁၂ ဦးတို့ကို တရားမဝင် အွန်လိုင်းလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် Laptop မျိုးစုံ ခြောက်လုံး၊ လက်ကိုင်ဖုန်းမျိုးစုံ ၆၃ လုံး၊ မြန်မာငွေစက္ကူငွေကျပ်သိန်း ၁၁၀၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ခြောက်ခု၊ အခြား ဆက်စပ်ပစ္စည်းများနှင့် အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အလားတူ ဇွန် ၂၈ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက် လွန်းကျိုင်းလမ်း အိမ်အမှတ်(မ-၃/၂၃၂) တွင် တရုတ်နိုင်ငံသားများ ခိုအောင်းနေထိုင်ပြီး တရားမဝင်အွန်လိုင်းလောင်းကစားများ လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်း အထောက်အထား တစ်စုံတစ်ရာမပါရှိဘဲ တရားမဝင်ရောက်ရှိနေသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၈၈ ဦး၊ အမျိုးသမီး ခုနစ်ဦး စုစုပေါင်း ၂၉၅ ဦးတို့အား အွန်လိုင်းလောင်းကစား ပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းမျိုးစုံ အလုံး ၉၀၀၊ အခြား ဆက်စပ်ပစ္စည်းများနှင့် အတူ တွေ့ရှိဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်များတွင် ဖမ်းဆီးရမိထားသည့် တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်သူ မြန်မာနိုင်ငံသား ၁၂ ဦးနှင့် တရုတ်နိုင်ငံသား ၂၉၅ ဦးတို့အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လိုအပ်သော စစ်ဆေးမှုများဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်



တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက်၌ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်နေသူ အထောက်အထားမဲ့ရောက်ရှိနေသည့် တရုတ်နိုင်ငံသားများအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။





တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက်၌ အထောက်အထားမဲ့ရောက်ရှိနေသည့် တရုတ်နိုင်ငံသားများ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်သည့်နေရာ။





ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက်၌ တရားမဝင် အွန်လိုင်းလောင်းကစားလုပ်ကိုင်နေသူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



တာချီလိတ်မြို့နယ် ပါဆတ်ရပ်ကွက်၌ တရားမဝင် အွန်လိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံလက်ကိုင်ဖုန်းများအား သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။




## ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဇွန် ၉ရက် နံနက် ၈နာရီက အဆိုပါ တက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကမ္ဘာ့ငြိမ်းချမ်းရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တဇောတိက အမှူးပြု၍ ပါမောက္ခ၊ ကထိက ဆရာတော်များ၊ တက္ကသိုလ်မှ ဆရာတော်များ၊ စာသင်သား သံဃာတော်များ၊ ဘွဲ့ခံပုဂ္ဂိုလ်၊ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဆရာတော်က ဩဝါဒကထာ မြွက်ကြားတော်မူပြီး ပါမောက္ခ ဒေါက်တာဆန်းမြင့်မှ ဘွဲ့နှင်းသဘင် ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို လျှောက်ထားတင်ပြသည်။

ထို့နောက် ပါမောက္ခချုပ် ဆရာတော်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဘွဲ့အပ်နှင်းကြောင်း မိန့်ကြားတော်မူပြီး မော်ကွန်းထိန်းဆရာတော်မှ ဘွဲ့ခံပုဂ္ဂိုလ်များအား အစီအစဉ်အတိုင်း တစ်ဦးချင်း ဖိတ်ခေါ်၍ ပါမောက္ခချုပ်ဆရာတော်၊ပါမောက္ခ ဆရာတော်များက ဘွဲ့များ အပ်နှင်းပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဘွဲ့ခံပုဂ္ဂိုလ်များမှ တညီတညွတ်တည်း ကတိသစ္စာတိုင်တည်ကြပြီး ပါမောက္ခဆရာတော်ဒေါက်တာစန္ဒာဝရက မုဒိတာစကားမြွက်ကြားတော်မူခဲ့သည်။ပထမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါရဂူတစ်ပါး၊ M.A(၈), B.A(၄)ဒီပလိုမာ ၂၆ ဦးတို့အား ဘွဲ့များ အပ်နှင်းပေးခဲ့ကြောင်း သိရသည်။ **(ဝ၇ဝ)**

## လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေး Bill Board စိုက်ထူပွဲ ကျင်းပ

**တောင်ကြီး ဇူလိုင် ၁**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ ဗိုလ်ချုပ်အောင်ဆန်း လမ်းမကြီး ဗိုလ်ချုပ်ပန်းခြံလမ်းဆုံ၌ ဇွန် ၃၀ ရက် နံနက် ၈ နာရီခွဲက ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ ဆောင်ပုဒ်နှင့်အညီ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း လူထုအသိပညာပေး Bill Board စိုက်ထူပွဲ အခမ်းအနား ကျင်းပခဲ့သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင် ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးပြီး တက်ရောက်လာသူများအား သန်းခေါင်စာရင်း လူထုအသိပညာပေး ရုပ်အင်္ကျီများ ပေးဝေခဲ့သည်။

နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ ကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ ရရှိရေးအတွက် သန်းခေါင်စာရင်းကော်မတီ စာရင်းကောက်များသည် မိမိတာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် Mobile Tablet များ အသုံးပြု၍ သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်နေ့မှ ၁၅ ရက်အတွင်း ၁၅ရက်ကြာ တစ်နိုင်ငံလုံးတွင် သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ကြောင်း ရှမ်းပြည်နယ် သန်းခေါင်စာရင်း ကော်မတီအဖွဲ့ထံက သိရသည်။ **(အောက်ပုံ)**

**(၃၆၈)**




## သင်းတွဲမြောင်းမှ ရေပြွန်(၄)လုံးပြန်လည် ပြုပြင်ပေးခဲ့သဖြင့် လယ်ယာမြေ(၁၅၀)ကေ သီးနှံမျိုးစုံ အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီဖြစ်

**ကျောက်ဆည် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တောင်သူများ၏ စိုက်ပျိုးသီးနှံများ အောင်မြင်ရေး၊စိုက်ပျိုးနိုင်ရေး ဆည်ရေသောက်စနစ်ဖြင့် ရေပေးဝေနေသည့် ရေမြောင်းများ၊ ရေကျအဆောက်အအုံများ၊ မြောင်းပေါင်စသည်တို့အား ပြန်လည်ပြုပြင်ပေးခြင်း၊ အသစ်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် သင်းတွဲမြောင်းမှ ရေပြွန် ၄လုံးအား ပြန်လည်ပြုပြင်ပေးခဲ့သဖြင့် လယ်ယာမြေ ၁၅၀ဧကေ သီးနှံမျိုးစုံ အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီးဖြစ်သည်။

အဆိုပါ ပြန်လည်ပြုပြင်ပေးခဲ့သည့် ရေပြွန်များသည် ကျောက်ဆည်မြို့နယ် ဗလီကွင်းကျေးရွာအနီးမှ မြောင်း၏ဝဲဘက် ပေတိုင်အမှတ်(၃၆+၅၂၀)၊ (၃၆+၇၈၄)၊ (၃၈+၆၇၅)နှင့် (၄၃+၈၇၀) နေရာများတွင် တည်ရှိသော ရေပြွန်များဖြစ်ကြောင်းနှင့် ရေပြွန်များသည် နဖူးစည်းကျောက်စီနံရံများ၊ ရေတံခါးရွက်များ မရှိသည့်အတွက် စိုက်ပျိုးရေများ ပေးဝေရာ၌ ထိရောက်မှုနည်းပြီး လေလွင့်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေသည့်အတွက် မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၃၅ ဒသမ ၀၀၀သန်း အကုန်အကျခံပြီး ရေပြွန်များ ရေတိုက်စားခြင်းမှ ကာကွယ်ရန်အတွက် ရေပြွန်နဖူးစည်းများ ကျောက်စီခြင်းနှင့် ရေထိန်းတံခါးများနှင့်အတူ အရှည် ၂၀ပေရှိသည့် အချင်း ၁၂လက်မ သံကူကွန်ကရစ်ပြွန် ၁လုံး၊ အချင်း ၈လက်မ သံကူကွန်ကရစ်ပြွန် ၁လုံး၊ အချင်း ၆လက်မ သံကူကွန်ကရစ်ပြွန် ၂လုံး စုစုပေါင်း သံကူကွန်ကရစ်ပြွန် ၄လုံး ပြန်လည် အစားထိုးဆောင်ရွက်ပေးခြင်းသည်။ **(အောက်ပုံ)**

ရေပြွန်များ ပြန်လည်ပြုပြင်ပေးခဲ့ခြင်းကြောင့် အဆိုပါမြောင်းမှ စိုက်ပျိုးရေများ ပေးဝေသည့် အချိန်များတွင် မြောင်း၏အထက်ပိုင်းနှင့်အောက်ပိုင်းရှိ သီးနှံစိုက်ခင်းများ ရေပေးဝေရာ၌ ရေတံခါးများဖြင့် လိုအပ်သလို ထိန်းညှိပေးနိုင်သဖြင့် သတ်မှတ်ချိန်အတွင်း ရေအလေအလွင့် နည်းပါးစွာဖြင့် စိုက်ပျိုးသီးနှံများ အောင်မြင်သည်အထိ ပေးဝေနိုင်ပြီးဖြစ်ကြောင်း သိရသည်။

**(၄၈၅)**

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် ပြည်သူများထံသို့ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချမှု အစီအစဉ်ကို နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်ကာ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက်၊ အကွက်(၅)၊ ၁၉လမ်း၊ ၆၃လမ်းနှင့်၆၄လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဆန်ကုန်သည်များအသင်းနှင့် ဆန်စက်ပိုင်များအသင်း၊ ဆန်လက်လီရောင်းချသူများတို့က ရည်ညွှန်းဈေးအတိုင်း ရွှေဘိုပေါ်ဆန်း၊ ဧရာမင်း၊ ဧည့်မထဆန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင်ဖွင့်လှစ်ရောင်းချပေးမည့် အစီအစဉ်များကို ဇူလိုင် ၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက် အကွက်(၇၁၂)၊ ၃၂လမ်းနှင့် ၇၆ လမ်းထောင့်တွင်လည်းကောင်း၊ ဇူလိုင် ၃ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ အကွက်(၅၃၆)၊ ၈၅လမ်း၊၃၆လမ်းနှင့်၃၇လမ်းကြားတွင်လည်းကောင်း၊ ဇူလိုင် ၄ရက်တွင် ချမ်းမြသာစည်မြို့နယ်၊တမ္ပဝတီရပ်ကွက်၊အကွက်(၄၇၅၊ ၄၇၆)၊ ထီးတန်းရပ်၊ ထီးတန်း၊ပဲတန်းလမ်း၊ ၈၂လမ်းနှင့် ၈၄လမ်းကြား၊ ထီးတန်းဓမ္မာရုံရှေ့တွင်လည်းကောင်း၊ ဇူလိုင် ၅ရက်တွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂ လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်ဖြစ်သည်။

**(ဝဲပုံ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြု ဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**





## မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်ရောင်းချသူများသည် သတ်မှတ်ရည်ညွှန်းဈေးနှင့် ရောင်းချခြင်းမရှိပါက အရေးယူမည်

ဆန်ဈေးနှုန်း မတည်ငြိမ်မြင့်တက်မှုမရှိစေရန် တိုင်းဒေသကြီး ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ကြီးကြပ်မှုဖြင့် မြို့နယ်ကြီးကြပ်မှုကော်မတီအဖွဲ့များသည် မေလလယ်မှ စတင်၍ ဆန်သိုလှောင်ရုံများ၊ ဆန်စက်များ၊ ဆန်ပွဲရုံများ၊ လက်လီလက်ကားဆိုင်များသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ယင်းသို့ ရောင်းချခြင်းမရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူမည်ဟု သိရသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဆန်ပွဲရုံများ၊ သိုလှောင်ရုံများ၊ဆန်စက်များနှင့် လက်လီလက်ကားဆိုင်များတွင် သတ်မှတ်ရည်ညွှန်းဈေးဖြင့် ဆန်များ ရောင်းချပေးလျက်ရှိသည်ဟု မန္တလေးတိုင်းဒေသကြီး၊စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူက ပြောသည်။

"ဆန်က အရေးကြီးကုန်စည်မှာ ပါရှိပါတယ်။ လက်လီဆိုင်တွေမှာ သတ်မှတ်ရည်ညွှန်းဈေးနဲ့ ရောင်းချခြင်းမရှိဘဲ ဈေးနှုန်းမြှင့်တင်ရောင်းချရင် ပထမအကြိမ်နှင့်နောက်ဆုံးအကြိမ် သတိပေးပြီး ဒုတိယအကြိမ်ဆိုရင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေနဲ့ အရေးယူမှာပါ။ လက်ကားဆန်သိုလှောင်ရုံ ဆန်စက်များ ပွဲရုံများ လက်ကားရောင်းချသူများဆိုလျှင် ချက်ချင်းအရေးယူမှာဖြစ်ပါတယ်"ဟု ၄င်းကပြောသည်။

ဆန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် စားသုံးသူသက်သာ ချောင်ချိရေးအတွက် တိုင်းဒေသကြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့နှင့် ဆန်ကုန်သည်များအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပေါ်ဆန်းမွှေးတစ်ပြည်လျှင် ငွေကျပ် ၅၉၀၀၊ ဧည့်မထဆန်တစ်ပြည်လျှင် ငွေကျပ် ၂၈၀၀တို့ဖြင့် ဆန်ပွဲရုံနှင့် ဆန်ဆိုင်များတွင် လိုသလောက် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"မန္တလေးတိုင်းဒေသကြီး အတွင်းမှာ ရည်ညွှန်းဈေး ထုတ်ပြန်ထားတဲ့အတိုင်း ဆန်ရောင်းချတဲ့ဆိုင်ပေါင်း ၁၅၆ဆိုင် ရှိပါတယ်။ စားသုံးသူတွေအနေနဲ့ မှတ်ပုံတင်စတဲ့ ဘာအထောက်အထားမှ ပြစရာမလိုတဲ့ တစ်ပြည်ကနေ ၂၄ ပြည်ထိ ရည်ညွှန်းဈေးနဲ့ လွတ်လပ်စွာလိုသလောက်ဝယ်ယူနိုင်ပါတယ်"ဟု ဆန်ကုန်သည်များအသင်းမှ တာဝန်ရှိသူက ပြောသည်။

ဆန်ရောင်းချသူများသည် စားသုံးသူများထံ မှန်ကန်သော သတင်းအချက်အလက်များပေးရန် တာဝန်ရှိပြီး ဆန်ဈေးနှုန်းများကို ထင်သာမြင်သာကပ်၍ ရောင်းချရမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ကြီးကြပ်မှုဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကြီးကြပ်ရေးကော်မတီ၊ ဆန်ကုန်စည်ဒိုင်နှင့်ဆန်ကုန်သည်များ အသင်းတို့ ပူးပေါင်းပြီး ဆန်ဈေးနှုန်း တည်ငြိမ်ရေးနှင့်ထိုက်သင့်မှန်ကန်သည့် ဈေးနှုန်းဖြင့် အများပြည်သူတို့ ဝယ်ယူရရှိရေး အတွက် ဆောင်ရွက်နေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-ဇ)






## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး Bagan Plastic Campaignအဖွဲ့မှ ပလတ်စတစ်ကောက်ယူရှင်းလင်း

**ညောင်ဦး ဇူလိုင် ၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်ရေး အပတ်စဉ် ပလတ်စတစ်ကောက်ယူရှင်းလင်းနေလျက်ရှိရာ Bagan Plastic Campaign အဖွဲ့မှဦးဆောင်ကာ ပလတ်စတစ်အမှိုက်များ သီးသန့်ကောက်ယူခြင်းကို ဇွန် ၂၉ ရက်နံနက် ၇နာရီမှစတင်ကာ ညောင်ဦးမြို့ ပုဂံမြို့ဟောင်းရှိ မျက်တော်ပြေဘုရားမှ ကျောက်မျက်မှော်ဘုရားနှင့်ဟိုတယ်နှင့်ခရီးသွားလာမှုညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ ကျောက်မျက်မှော်ဘုရားအထိ လမ်းဘေးဝဲယာမှ ပလတ်စတစ်အမှိုက်များအား ကောက်ယူ စွန့်ပစ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အဖွဲ့မှ ဦးဆောင်ပြီး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန ပုဂံဌာနခွဲမှ ဝန်ထမ်းများ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloons ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသားသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ အသင်းမှ အသင်းသား၊ အသင်းသူများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ပုဂံဇုန်)မှ ဝန်ထမ်းများသည် ညောင်ဦးမြို့ ပုဂံမြို့ဟောင်းရှိ မျက်တော်ပြေဘုရားမှ ကျောက်မျက်မှော်ဘုရား၊ ဟိုတယ်နှင့်ခရီးသွားလာမှုညွှန်ကြားမှုဦးစီးဌာန(ပုဂံရုံးခွဲ)မှ ကျောက်မျက်မှော်ဘုရားအထိ အဖွဲ့နှစ်ဖွဲ့ခွဲကာ ပလတ်စတစ်အမှိုက်များ ကောက်ယူ၍ စည်ပင်သာယာရေးအဖွဲ့ပိုင်အမှိုက်ကျင်းသို့ စနစ်တကျစွန့်ပစ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄စ၁)

## လက်ပံခြေပေါ်ကျေးရွာများမှတောင်သူများ တစ်နှစ်လျှင် ပြောင်းဖူးလေးကြိမ်ထိ စိုက်ပျိုးရောင်းချနေ

**ညောင်ဦး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် လက်ပံခြေပေါ် ကျေးရွာအုပ်စုမှ ကျေးရွာများ တစ်နှစ်ပတ်လုံး ပြောင်းဖူးစိုက်ပျိုးရောင်းချကြကြောင်း ပြောင်းဖူးစိုက် တောင်သူဦးဌေးဝင်းထံက သိရသည်။

ညောင်ဦးမြို့နယ် လက်ပံခြေပေါ်အုပ်စုရှိ ကျေးရွာများသည် တစ်နှစ်ပတ်လုံး မြေအောက်ရေအသုံးပြုကာ ပြောင်းဖူးစိုက်ပျိုးကြပြီး တစ်နှစ်လေးကြိမ်ထိ စိုက်ပျိုးရောင်းချနေသည့် ကျေးရွာများဖြစ်သည်။

"ကျွန်တော်တို့ ပြောင်းဖူးစိုက်ပျိုးရတာ ဈေးကွက်အခြေအနေထက် ပြောင်းဖူးတစ်သီးစိုက်ပျိုးလျှင် အချိန်နှစ်လခန့်ဖြင့် ပေါ်သောကြောင့် ရောင်းချချိန်မြန်ပြီး ငွေလည်းအမြန်ပေါ်ကြောင်း ထွက်ရှိလာသည့် ပြောင်းဖူးများကို ညောင်ဦး-မြင်းခြံကားလမ်းမကြီး ဘေးတစ်ဖက်တစ်ချက်တွင် ယာယီတဲများ ထိုးကာ ရောင်းချကြကြောင်း၊မန္တလေး၊ ရန်ကုန်တိုင်းဒေသကြီးများမှ ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူကြကာ ခြောက်ဘီးမော်တော်ယာဉ်ဖြင့် သယ်ယူကြကြောင်း ပြောင်းဖူးတစ်ခါဝယ်ယူလျှင် ပြောင်းဖူးနှစ်သောင်းမှ သုံးသောင်းထိ ဝယ်ယူကြသည်။ ပြောင်းဖူးဆယ်ဖူးဈေး ငွေကျပ်၂၀၀၀မှ ၂၄၀၀ထိ ရောင်းချနေရကာ ပြောင်းဖူးစိုက်ပျိုးသည့် တောင်သူများ ရှုံးတာတစ်ခါမှ မကြုံဘူး သေးကြောင်း၊ မျိုးကောင်း၊ မျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းကြောင့် ပြောင်းဖူးအရည်အသွေးအကောင်းဆုံးဖြစ်နေကာ ဈေးနှုန်းမှာလည်း အကောင်းဆုံးရောင်းချရသည့် ကုန်ပစ္စည်းဖြစ်နေကြောင်း ပြောင်းဖူးစိုက်ပျိုးတောင်သူများက ပြောသည်။

စိုက်ပျိုးသည့် ပြောင်းဖူးများကတော့ အစီးပြောင်း၊ သကြားပြောင်းနှင့်ကြက်တမော့ပြောင်း တို့စိုက်ပျိုးကြပြီး မိုးရာသီစိုက်ပျိုးသည့်ပြောင်းသာ သုံးလခန့်မှ ပေါ်ကြပြီ ဆောင်းရာသီနှင့် နွေရာသီအချိန် နှစ်လခန့်ဖြင့်ပေါ်ကြောင်း ဦးဝင်းတင့်က ရှင်းပြသည်။

ထွက်ရှိလာသည့် ပြောင်းဖူးများအား ပခုက္ကူ၊ ညောင်ဦး၊ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်းမြို့များမှ ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူခြင်း၊ မန္တလေး၊ ရန်ကုန်တို့မှ ပြောင်းဖူးပွဲစားများ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

(ဝင်းထိန်)



## စာဖတ်ရှိန်မြင့်မားရေးနှင့် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်ရှိန်မြင့်မားရေးနှင့်အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်ရေး ဇွန် ၂၇ရက် မွန်းလွဲ ၁နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်၊ ကျပန်းစကား ပြောပြိုင်ပွဲ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကျောင်းသား၊ကျောင်းသူများ စာပေဖတ်သည့် အလေ့အကျင့်များ ရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့် အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး၊ ဗလငါးတန်နှင့် ပြည့်စုံရေး စာဖတ်စွမ်းရည်၊ ကျပန်းစကား ပြောပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

(ဝဲပုံ)

ထို့နောက် စာဖတ်စွမ်းရည်၊ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပခဲ့ရာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ပြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် သဘာဝ ဘေးအန္တရာယ်၊ ကလေးအလုပ်သမားပပျောက်ရေး၊ အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ခြင်း၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အန္တရာယ်ကင်းရှင်းရေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)

# အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခေါက်ဆွဲခြောက်ထုပ်များ ထောက်ပံ့လှူဒါန်း

**မန္တလေး ဇူလိုင် ၁**

၂၀၂၄ ခုနှစ် ဇူလိုင်လ ပထမပတ် စနေနေ့ဖြစ်သော ၆ ရက်နေ့တွင် ကျရောက်မည့် (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို



ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမ အသင်းစုတို့ ပူးပေါင်း၍ သမဝါယမ စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း(မန္တလေး)တွင် တက်ရောက် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများအတွက် ခေါက်ဆွဲခြောက်ထုပ်များကို ယမန်နေ့ နံနက်ပိုင်းက သွားရောက် ထောက်ပံ့လှူဒါန်းခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)(၀၇၂)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် ကွန်ကရစ်ရေကျော် တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ကျွဲကူး-စည်ပင်လမ်းပေါ်တွင် ကွန်ကရစ် ရေကျော်တည်ဆောက်နေမှုကို တာဝန်ရှိသူများက ဇွန် ၂၉ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ ညောင်ဦးခရိုင်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအေးလွင်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်၊ ပြည်ထောင်စုရန်ပုံငွေကျပ် ၉၈ ဒသမ ၃ သန်းဖြင့် ကျောက်ပန်းတောင်းမြို့နယ် ကျွဲကူး-စည်ပင်လမ်းပေါ်တွင် ကွန်ကရစ်ရေကျော်တည်ဆောက်နေမှုကို စစ်ဆေးကြပြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဖြိုးဖြိုးသိမ့်က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းပြသရာ အင်ဂျင်နီယာချုပ်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(အောက်ပုံ)**

ကျောက်ပန်းတောင်းမြို့နယ် ကျွဲကုန်း-ရေကျော်လမ်းပေါ်တွင် ကွန်ကရစ်ရေကျော်တည်ဆောက်ခြင်းသည် အလျား ပေ ၁၆၀၊ အနံ ပေ၂၀၊ အမြင့် ကိုးလက်မ ရှိပြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဇွန် ၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ရာနှုန်းပြည့်ပြီးစီးပါက ကျွဲကူး၊ ဥယျာဉ်၊ စည်ပင်ကျေးရွာရှိ လူဦးရေ ၂၇၀၄ ဦး အတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကို ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**



# ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု ကာလတူနှိုင်းယှဉ်ပါက ၆၀ ရာခိုင်နှုန်းကျော်တိုးလာ

ပြည်တွင်းသို့ အလည်အပတ် ဝင်ရောက်လာသည့် ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုစာရင်းများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီမှ မေလထိ ငါးလတာအတွင်း ယခင်နှစ်နှင့် ကာလတူနှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှထုတ်ပြန်ချက်အရ သိရသည်။



အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အနေဖြင့် ဟိုတယ်နှင့်ခရီးသွားကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေး၊ ခရီးစဉ်ဒေသများ စနစ်တကျရှိရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အပြင် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ ဆောင်ရွက်လျက်ရှိသည်ဟု ဆိုသည်။

"ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှု တိုးမြင့်လာခြင်းက ကိုဗစ်မတိုင်မီ အခြေအနေထက် ကျော်လွန်မယ့် အလားအလာကောင်းတွေပါ။ ရလဒ်ကောင်းတွေ ထွက်ပေါ်စေဖို့ ခရီးသွားလိုအား (Travel Demand) ဆက်လက်တိုးတက်မှု၊ လေကြောင်းဆက်သွယ်ရေး ပိုမိုတိုးတက်မှုနဲ့ ဗီဇာစတဲ့ ဝင်ထွက်သွားလာမှု လွယ်ကူအောင် ဖြေလျှော့ပေးမှုတွေကြောင့် ပြည်ပခရီးသွား တိုးတက်လာပါတယ်"ဟု ဟိုတယ်နှင့်ခရီးသွားလာရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်လာမှုနှင့်ပတ်သက်၍ ၂၀၂၃ခုနှစ်က ၁ ဒသမ ၂၈ သန်းရှိပြီး ၂၀၂၂ ခုနှစ်က ၂၃၀၀၀၀ ကျော်နှင့် နှိုင်းယှဉ်လျှင် ၄ ဆခွဲခန့်တိုးလာပြီး၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ၅၂၀၀၀၀ ခန့် ဝင်ရောက်ခဲ့သည့်အတွက် ယမန်နှစ် ကာလတူက ၃၁၀၀၀၀ ခန့် ဝင်ရောက်ခဲ့ခြင်းနှင့် ကာလတူနှိုင်းယှဉ်ပါက ၆၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဒေသခံတို့၏ လူမှုဘဝစီးပွားရေးအတွက် အထောက်အကူပြုမည်ဖြစ်၍ ဝန်ဆောင်မှုလုပ်ငန်းများ ကောင်းမွန်ရေး၊ ဒေသထွက်ပစ္စည်းနှင့် အစားအစာများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိပြီး အဆင့်မီစွာ ဝန်ဆောင်မှုပေးနိုင်ရေး၊ ဟိုတယ်များ၏ ဝန်ဆောင်မှုကောင်းမွန်ရေး၊ ခရီးသွားအေဂျင်စီများနှင့် ပူးပေါင်းဆောင်ရွက်ရေး စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

# မြစ်ကြီးနားဒေသထွက် နာနတ်သီး ဈေးကောင်းဖြင့် ရောင်းချလျက်ရှိ

**မြစ်ကြီးနား ဇူလိုင် ၁**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ဇွန်တတိယပတ်မှ စတင်၍ သစ်သီးဈေးကွက်အတွင်း ရောက်ရှိလာသည့် နာနတ်သီး ဈေးတန်းမှာ ယခင်နှစ်ထက် ဈေးကောင်းဖြင့် ရောင်းချလျက်ရှိသည်။

"မြစ်ကြီးနားမှာက ၁၂ရာသီ သီးနှံမပြတ်ပေါ်တာတော့ ဟုတ်တယ်၊ သီးနှံထွက်ရှိမှုကတော့ ပုံမှန်လို့ပဲပြောရမှာပါ၊ ဒေသတွင်း မတည်ငြိမ်လို့ လုပ်ကိုင်လို့ရတဲ့ အခြေအနေမှာ ဒေသခံတောင်သူတွေက စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ယခုကာလထွက်ရှိတဲ့ နာနတ်သီးကို ပြောရရင် အရင်နှစ်တွေကတော့ ပေါ်စမှာ တစ်လုံး ငွေကျပ် ၂၀၀၀ မရခဲ့ဖူးဘူး။ ယခု ဒီနှစ်မှာတော့ ဈေးကွက်ထဲ ဝင် ရောက်လာတဲ့ နာနတ်သီးက တစ်လုံး ငွေကျပ် ၃၀၀၀ ကနေစတာပဲ ဈေးကောင်းရတယ်လို့ ပြောရမှာပါ"ဟု သစ်သီးပွဲရုံ ပိုင်ရှင်တစ်ဦးက ပြောသည်။

နာနတ်သီးကို ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင် ရွှေပြည်သာရပ်ကွက်၊ အားဆာကျေးရွာ၊ မန်ခိန်ရပ်ကွက်၊ နောင်းနန်းကျေးရွာတို့တွင် စီးပွားဖြစ်ဇကလိုက် စိုက်ပျိုးသကဲ့သို့ ပိုင်းမော်မြို့နယ် မိုင်းနာကျေးရွာ၊ နောင်တာလောကျေးရွာ၊ စန်းကားကျေးရွာတို့တွင်လည်း စီးပွားဖြစ်စိုက်ပျိုးကြပြီး ဒေသခံတောင်သူများမှာ ရာသီပေါ်သီးနှံများ စိုက်ပျိုးခြင်းဖြင့်လည်း ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၄)**



# ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**မောက်မယ် ဇူလိုင် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ် အတွင်း သစ်တောသစ်ပင်များ စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်ချစ်မြတ်နိုးတတ်စေရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအသိများ နိုးကြားရှင်သန်စေရန်နှင့် ရာသီဥတုမျှတစေရန် ရည်ရွယ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်သစ်တောဦးစီးဌာနမှ ယမန်နေ့ နံနက် ၇ နာရီခွဲက မောက်မယ်-ဝမ်ဟတ်-လင်းခေးကားလမ်းဘေး ဝဲ၊ ယာ၌ ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ကျင်းပခဲ့သည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် မိုးရာသီသစ်ပင်စိုက်ပျိုးရခြင်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ရာသီဥတုကောင်းမွန်မျှတရေး၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းနှင့် ဒေသအပူချိန် လျှော့ချနိုင်စေရန်၊ ဂေဟစနစ်ဖွံ့ဖြိုးခိုင်မာစေရေးအတွက် ရည်ရွယ်ကြောင်း ပြောကြားပြီး သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် သစ်တောတာဝန်ခံ တောအုပ် ဦးဇော်ညိုက ပျိုးပင်များ အသီးသီး ပေးအပ်ကာ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သတ်မှတ်နေရာအသီးသီးတွင် တက်ရောက်၍ တပျော်တပါး စိုက်ပျိုးကြသည်။ အဆိုပါ မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲတွင် ကျွန်း ၂၀၀ ပင်၊ စိန်ပန်းနီ ၂၅၀ ပင်၊ စိန်ပန်းပြာ ၂၅၀ ပင်၊ သပြေဘူတ ၁၀၀ ပင်၊ ဗာဒံ ၁၀၀ ပင်၊ မဲဇလီ ၁၀၀ ပင် စုစုပေါင်း ၁၀၀၀ ပင် စုပေါင်း စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)မြို့နယ်(ပြန်/ဆက်)**

## အခွန်ပညာပေး ရှင်းလင်းဆွေးနွေး

**တပ်ကုန်း ဇူလိုင် ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ နေပြည်တော် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသက်ဆိုင်အောင်က အဖွင့်အမှာစကား ပြောကြားပြီးနောက် လက်ထောက်ညွှန်ကြားရေးမှူး ဦးနိုင်ဦးက အခွန်ဆိုင်ရာတည်ဆဲဥပဒေနည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ၊ အခွန်ကောက်ခံခြင်းဆိုင်ရာ သိကောင်းစရာများ၊ ကြေညာလွှာတင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ အခွန်ထမ်းလုပ်ငန်းရှင်များ လိုက်နာရန်တာဝန်များ၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ လိုက်နာရန် ပျက်ကွက်မှုများအတွက် ပြစ်မှု၊ ပြစ်ဒဏ်များနှင့် စပ်လျဉ်း၍ ပရိုဂျက်တာဖြင့် အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့ပြီး၊ တက်ရောက်လာသည့် လုပ်ငန်းရှင်များက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။



အဆိုပါ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စားသောက်ဆိုင်၊ ရွှေဆိုင်၊ ဖုန်းဆိုင်နှင့် တည်းခိုခန်းလုပ်ငန်းရှင် စုစုပေါင်း ၉၅ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်း ဆောင်ရွက်

**တပ်ကုန်း ဇူလိုင် ၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တပ်ကုန်းမြို့နယ် ဆရာစံရပ်ကွက်တွင် နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းနှင့် ကျန်းမာရေးပညာပေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ရပ်ကွက်ရှိ မဟာဇနကဘုန်းတော်ကြီးကျောင်း၊ မဟာဇနကဗိမာန်တော်ကြီးတွင် ကျင်းပခဲ့ရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အုပ်စိုးလင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မြင့်မိုး၊မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ပြာအောင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဒေါ်အေးအေးဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက် မီးသတ်ဦးစီးမှူး ဦးခင်မောင်ဌေးနှင့်တပ်ဖွဲ့ဝင်များ၊မြို့ပေါ်ရပ်ကွက် (၆)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ရာအိမ်မှူး၊ဆယ်အိမ်မှူးများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့သည်။ **(အပေါ်ယာပုံ)**



ရှေးဦးစွာ ညွှန်ကြားရေးမှူးက မိုးရာသီတွင် ဖြစ်ပွားတတ်သည့် ရောဂါများနှင့်ပတ်သက်၍ အသိပေးရှင်းလင်းပြောကြားပြီး၊ မြို့နယ်ဆရာဝန်ကြီးက ဆရာစံရပ်ကွက်အတွင်း အဖွဲ့များခွဲ၍ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့် အဘိတ်ဆေး အသုံးပြုပုံများ ရှင်းလင်းပြောကြားပြီးနောက် တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းခဲ့ကြရာ ဒေါက်တာ သန်းစိုးနိုင်က ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ဆရာစံရပ်ကွက်တွင် ညွှန်ကြားရေးမှူးနှင့် မြို့နယ်ဆရာဝန်ကြီးတို့ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်း ၁၅ ဦး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင် ၂၀ ဦး၊ မြို့နယ်ကြက်ခြေနီ ဒုတပ်ရင်းမှူးနှင့်အဖွဲ့ဝင် ငါးဦး၊ လက်ထောက်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ ဆရာစံရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းမြတ်မင်းနှင့်အဖွဲ့ဝင် ရှစ်ဦး၊ စေတနာ့ဝန်ထမ်း ၁၀ဦး၊ စုစုပေါင်း ၆၅ဦးတို့က ဆရာစံရပ်ကွက်၊ နယ်မြေ (၁၊၃၊၄၊၅၊၆၊၈၊၉၊၁၀၊၁၁) အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေအိုးများနှင့် ရေဝပ်နိုင်သည့် နေရာများ၌ အဘိတ်ဆေးခတ်ခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ယာတောထမင်းဝိုင်း

* မန်ကျည်း ကြက်ဆူ
ငါးခူပဲရွက် ။
ပွက်ပွက်ဆူ သောက်ဆမ်းဟင်းက
ထမင်းမြိန်ချက် ။

* တချို့တွေ စားနေရင်း
ထမင်းလည်း မလောက်ပါ
ပြန်ချက်ရတာ ။
ညစာဟင်းပါ
မချန်သာ ကြိတ်လိုက်ကြ ။
ငါးဟင်းရည် ကျဲတောက်တောက်နဲ့
မလောက်မင ။

* စားပြီးလျှင် မြူရွက်သုတ်နဲ့
မြေပဲပြုတ်ဝိုင်း အလယ်တွင် ။
ကွမ်းအစ်ကို ဘေးမှာထား
ယားစား စချင် ။
ဝိုင်းဖွဲ့ကာပင်
သူငါအရင် နှိုက်စားကြ ။
ဆေးတစ်ဖွာ ကွမ်းတစ်ပြစ်နဲ့
ဇိမ်ယစ်လွန်းလှ ။

**ဦးကြီးတိုး**

## ရတနာပုံတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊ အမျိုးသမီး)စစ်တုရင်ပြိုင်ပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊၂၀၂၃-၂၀၂၄ ပညာသင်နှစ်နှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ရတနာပုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ (အမျိုးသား၊အမျိုးသမီး)စစ်တုရင်ပြိုင်ပွဲ တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ တက္ကသိုလ်ရှိ ပညာပြည့်ဝနှလုံးလှခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရတနာပုံတက္ကသိုလ် စစ်တုရင်ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာစုစုဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စစ်တုရင်ဆပ်ကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းက ပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်း ပြောကြားသည်။ထို့နောက် စစ်တုရင်ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌက စကွက်ရွှေ့ပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ဘာသာရပ် အသီးသီးမှ ပြိုင်ပွဲဝင် ၅၂ ဦးတို့သည် ၂၀၀၀ခုနှစ် (FIDE LAW OF CHESS) ဥပဒေနှင့်အညီ ပြိုင်ပွဲကို (Swiss System) ဖြင့် (၇)ပွဲကစားရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အသင်းလိုက် အရေပုံစံဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ) (ဝ၈၂)**



## သတင်းပဒေသာ

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် ပြည်သူများစာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန် စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုးစာအုပ်ဖြင့် စာဖတ်ဝိုင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန(Community Centre)ခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

— — — — — — — —

### ရှမ်းရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ ရေတောင်းပွဲ ကျင်းပ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ စဥ့်ဝင်ကျေးရွာအုပ်စု၊ တင်ကုန်းရွာအရှေ့ဘက်ရှိ နမ့်ဟူးပန်နန်းရေထွက်တွင် ရေတောင်းပွဲကို ရှမ်းရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ အဆိုပါရေထွက်၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။ မောက်မယ်မြို့နယ်တွင် ရေထွက်များပေါများသဖြင့် နှစ်စဉ်နယုန်လအတွင်း နေရာဒေသအသီးသီးကျေးရွာများအလိုက် ရိုးရာဓလေ့ရေတောင်းပွဲကို စဥ့်ဝင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဦးဘောဂမှ ဦးစီး၍ ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

— — — — — — — —

### တရားမဝင်ကုန်ပစ္စည်းများ တားဆီးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့နယ်တွင် ခရိုင်နှင့် မြို့နယ်အဆင့် တရားမဝင်ကုန်ပစ္စည်းများတားဆီးရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)အားယမန်နေ့ မွန်းလွဲ ၂ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

— — — — — — — —

### ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ တန့်ယန်းမြို့၌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၄/၂၀၂၄)ကို ယမန်နေ့နံနက် ၉ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

— — — — — — — —

### စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာဖတ်သည့် အလေ့အထတွင် ပျော်မွေ့လာပြီး အသိပညာဗဟုသုတဖွံ့ဖြိုးတိုးတက်၍ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လေးများဖြစ်လာစေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လတွင် ကျင်းပမည့် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

— — — — — — — —

### သင်တန်းဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စေတုတ္တရာမြို့နယ်တွင် မြို့နယ်အခြေခံပညာဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူမိဘများအား စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်း ၁ နာရီက အခြေခံပညာအထက်တန်းကျောင်း (စေတုတ္တရာ)တွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံးသို့ ဝါဆိုဆန်များ လှူဒါန်း

**မန္တလေး ဇူလိုင် ၁**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသ ဆရာတော်၊ ဗုဒ္ဓဘာသာသာသနာ ပြန့်ပွားရေးအသင်းရုံးသို့ ဝါဆိုဆန်များ လှူဒါန်းကုသိုလ်ပြုလျက်ရှိပါသည်။ ရပ်ဝေးရပ်နီးမှ လှူဒါန်းကုသိုလ်ပြုလိုက ဝါဆိုဆန်တစ်အိတ်ကို ငွေကျပ် တစ်သိန်းဖြင့် လှူဒါန်းကုသိုလ်ယူနိုင်ပါသည်။ မန္တလေးမြို့နေ အလှူရှင် ဦးစိုးခိုင်၊ ဒေါ်ခင်မြိုင်(သုခစတိုးဆိုင်)က ဝါဆိုဆန်တစ်အိတ်၊ မန္တလေးမြို့၊ နန်းတော်ရှေ့နေ အလှူရှင် ဒေါ်ခင်မေစီ၊ ဒေါ်သန်းသန်းမြင့်(ရတနာစတိုး)မိသားစုက ဝါဆိုဆန်တစ်အိတ်၊ မန္တလေးမြို့နေ အလှူရှင်ဦးခင်မောင်ရွှေ တိုင်းမြေစာရင်းဦးစီးမှူး(ငြိမ်း)+ဒေါ်မေမြင့်(သမီး)ဒေါက်တာ မိဆုဝေဖူး၊ ဒေါက်တာမိဆုလှိုင်လှိုင်သီ မိသားစုက ဝါဆိုဆန်တစ်အိတ်၊ မန္တလေးမြို့ ရဲမွန်တောင်ရပ်နေ အလှူရှင် ဒေါ်မြင့်မြင့်သိန်း မိသားစုက ဝါဆိုဆန်တစ်အိတ်၊ မန္တလေးမြို့ ရဲမွန်တောင်ရပ်နေ အလှူရှင် ဒေါ်နန်းခင်သူရိန်ထွန်း မိသားစုက ဝါဆိုဆန်သုံးအိတ် ယမန်နေ့က အသီးသီးလှူဒါန်းကုသိုလ်ပြုကြရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းကိုယ်စား ရုံးအဖွဲ့ဝင် ဒေါ်စိန်စိန်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာများကို အသီးသီး ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(ကဆ)



## စားသောက်ရေး အဆင်ပြေစေရန် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**ညောင်ဦး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နှင့် ပုဂံမြို့ရှိ အခြေခံလက်လုပ်လက်စား ဝင်ငွေနည်း အိမ်ထောင်စုများအတွက် စားသောက်ရေး အဆင်ပြေစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက မန္တလေးမြို့မှ ရွှေနဒီ(အလှကုန်လုပ်ငန်း)မိသားစုက ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရအား အမှူးပြု၍ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများကို ဝင်ငွေနည်းအိမ်ထောင်စုများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ဝင်ငွေနည်းအိမ်ထောင်စုများအား စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးရာတွင် အလှူရှင် မန္တလေးမြို့မှ ရွှေနဒီ(အလှကုန်လုပ်ငန်း)မိသားစုက ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာ ကျောင်းတိုက်နာယကဆရာတော်၏ ဦးဆောင်သော ပရဟိတလူငယ်အဖွဲ့နှင့်အတူ ညောင်ဦးမြို့နှင့် ပုဂံမြို့ရှိ ဝင်ငွေနည်း အိမ်ထောင်စု(၁၀၀)အား အိမ်ထောင်စု တစ်စုလျှင် ဆန် ၂ ပြည်၊ ဆီ ၅၀ကျပ်သားနှင့် လက်ဖက်၊ ပဲကြော်၊ မုန့် အစရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို စနစ်တကျ ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

၀-၀-၀-၀-၀-၀-၀

## ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ညောင်ဦးမြို့ရှိ သက်ကြီးဘိုးဘွား ၃၃ ဦးအား အာဟာရဒါန ဆန်နှင့် ကြက်ဥများ ထောက်ပံ့လှူဒါန်း

**ညောင်ဦး ဇူလိုင် ၁**

ရန်ကုန်၊ ဝေမျှခြင်းပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ရှိ သက်ကြီးဘိုးဘွားများ သက်ရှည်ကျန်းမာစွာ နေထိုင်နိုင်ရန်အတွက် ရည်ရွယ်၍ ဇွန် ၂၈ ရက်၊ နံနက်ပိုင်းက သက်ကြီးဘိုးဘွားများ၏ နေအိမ်သို့ သွားရောက်ပြီး အာဟာရဒါနအဖြစ် ဆန်နှင့်ကြက်ဥများ ထောက်ပံ့လှူဒါန်းခဲ့သည်။

ထိုသို့ အာဟာရဒါနအဖြစ် ဆန်နှင့် ကြက်ဥများ ထောက်ပံ့လှူဒါန်းရာတွင် ရန်ကုန်မြို့၊ ဝေမျှခြင်းပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအဖွဲ့ဝင်များက ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်ရှိ အသက်(၇၀)နှစ်အထက် သက်ကြီး ဘိုးဘွား ၃၃ဦးအား တစ်ဦးလျှင် ဆန် ၂ပြည်၊ ကြက်ဥ ၁၀လုံးစီတို့ကို အိမ်တိုင်ရာရောက်စနစ်တကျထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ရန်ကုန်မြို့ ဝေမျှခြင်း ပရဟိတအဖွဲ့က စေတနာအလှူရှင်များ၏ ပံ့ပိုးလှူဒါန်းငွေဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ဝင်ငွေနည်း အိမ်ထောင်စုများကို ယခုကဲ့သို့ အာဟာရဒါန စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးခြင်းအပြင် သောက်သုံးရေ လိုအပ်သည့် နေရာများကိုလည်း သောက်သုံးရေဖူလုံစေရန်အတွက် ညောင်ဦးမြို့နယ် အေးမေတ္တာ ပရဟိတရေလှူတော်အဖွဲ့(တောင်ဇင်း)နှင့် ပူးပေါင်းပြီး နေ့စဉ် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။



(အောက်ပုံ)(ကဆ)

## မိုင်းယောင်းမြို့နယ်၌ ထောက်ပံ့ပစ္စည်း ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

**မိုင်းယောင်း ဇူလိုင် ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၊ ဟောင်ကြန့်အုပ်စု၊ ဟောင်ကြန့်ကျေးရွာရှိ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ယမန်နေ့က ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မိုင်းယောင်းတပ်နယ် ခေတ္တတပ်နယ်မှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဇော်မင်းဆွေနှင့် အဖွဲ့ဝင်များ၊ တပ်နယ်၊ တပ်ရင်းများမှ တာဝန်ရှိသူများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က အမှာစကားပြောကြား၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌက ထောက်ပံ့ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့အား ထောက်ပံ့ငွေ ကျပ် ၃၉၀၀၀၀၊ ရွှေဖီဦး ၁၈ ထုပ်နှင့် ကြက်ဥ ၁၂ ကတ်တို့ကို တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြသည်။

ထို့နောက် မိုင်းယောင်းတပ်နယ်ဆေးမှူးနှင့်အဖွဲ့က တက်ရောက်လာသည့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၉၅ ဦးတို့အား ပုံမှန်ဆေးစစ်ပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

(ကဆ)

# တာဝန်ထမ်းကြသည်ဆိုရာဝယ်

နိုင်ဗလ

(၂၉-၆-၂၀၂၄)ရက်မှ အဆက်

ဆေးရုံတွင် ကာလရှည်ကြာနေရင်းဖြင့် ပတ်ဝန်းကျင်နှင့် အဆက်အသွယ်ပြတ်သလို ဖြစ်လာသည်။ က·က·ပုံ မှ ကျော်စိုးဦးက နှစ်ရက်တစ်ခါခန့် လာ၍ အားပေးစကားပြောသည်။ စားစရာလည်း လိုလေသေးမရှိ ဝယ်လာပေးသည်။ ယနေ့ဖခင်လည်း သက်သာသဖြင့် အစောင့်မလိုဘဲ ထား၍ ရသည်။ သူငယ်ချင်းဖြစ်သူနှင့် ဆေးရုံထောင့်မှ စားစရာအစုံရသော ဆိုင်သို့ ခေတ္တထွက်ခဲ့ကြသည်။ လက်ဖက်ရည်သောက်ရင်း စကားပြောကြသည်။ နေ့လည်စာ ထမင်းပါ တခါတည်းစားကြသည်။ ထိုစဉ် အကြပ်ကြီး ယူနီဖောင်းဖြင့် တစ်ဦးဝင်လာသည်။ ရုတ်တရက် ဝမ်းသာရသည်။ ငယ်စဉ် အဌမတန်းထိ ကျောင်းတူတူတက်ခဲ့၊ တစ်ခုံတည်း ထိုင်ခဲ့သော ဝင်းကိုဖြစ်နေသည်။ ဝမ်းသာစွာဖြင့် စကားပြောသည်။ သူက ဆေးစတိုဌာနတွင် တာဝန်ထမ်းဆောင်နေကြောင်း ပြောသည်။ လိုအပ်သည်များကို ကူညီမည်ဟု အားပေးစကားပြောသည်။ ထိုနေ့မှစ၍ ဖခင်နှင့် ကျွန်တော်ဆေးရုံမှ ထမင်း၊ ဟင်းထက် အပြင်မှ ဝယ်လာသော အစားအစာ ထမင်း၊ ဟင်းများသာ စားခဲ့ကြရသည်။ အစစအရာရာ တာဝန်ကျေကြသော သူငယ်ချင်းများဖြစ်သည်။ သူငယ်ချင်းကျော်စိုးဦး မန္တလေးသို့ ခေတ္တပြန်မည်ဆို၍ ဘူတာတွင် သွားရောက်ပို့ဆောင်နှုတ်ဆက်ရင်း မန္တလေးသို့ လိုအပ်သည်များမှာခဲ့သည်။ ရထားထွက်သည်အထိ စောင့်ရင်း စကားပြောခဲ့သည်။ ရထားလိမ့်သွားမှ ပြန်ခဲ့သည်။ ရထားပေါ်မှ အော်ခေါ်သံကြား၍ လှည့်ကြည့်ရာ မန္တလေးမှ သူငယ်ချင်းဖြစ်သူ လှသူကို တွေ့လိုက်ရသည်။ လက်ပြနှုတ်ဆက်ရင်း တဖြည်းဖြည်းဝေးသွားခဲ့သည်။

ဘူတာမှ အမှတ်(၂) ဆေးရုံဘက်သို့ လမ်းလျှောက်တက်ရင်း အတွေးနယ်ချဲ့မိသည်။ လှသူမှာ ငယ်စဉ်ကတည်းကပင် အမရပူရ ပလစ(၂)တွင် အတူနေ၊ ကျောင်းအတူတက်ခဲ့ကြသူများဖြစ်သည်။ အလယ်တန်းကျောင်းသားဘဝတွင် ကျွန်တော်၊ လှသူနှင့် ကျော်ကျော်တို့ သုံးဦး နံနက် ၄ နာရီထိုးလျှင် လူစုကြသည်။ ကျော်ကျော်က အအိပ်ကြီးသည်။ အပေါ်ထပ်တွင် နေသည့်အတွက် သူ့ကို နှိုးလျှင် ပတ်ဝန်းကျင်ကို အားနာရသည်။ နောက်ပိုင်းတွင် ခြေထောက်ကို ကြိုးချည်၍ ပြတင်းပေါက်မှ အောက်ထိ တွဲလောင်းချချည်ထားရသည်။ သူ့ကို နှိုးလျှင် ကြိုးစကို ဆွဲလှုပ်၍ နှိုးရသည်။ လူစုံလျှင် ဘောလုံးကွင်း တစ်ပတ် အလျင်ပြေး၍ အုံ့ဆိုင်းမှောင်မဲနေသည့် တမာတန်းမှ တစ်ဆင့် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်သို့ အပြေးတက်ကြသည်။ ပုံမှန်ပြေးရင်း စကားပြောကြသေးသည်။ တမာတန်းမှ တစ်ဆင့် တံခွန်တိုင်တံတားနားထိ အရှိန်ဖြင့် ပြေးကြသည်။ တံခွန်တိုင် ချောင်းတံတားနားတွင် (ယခုတံခွန်တိုင် အဝိုင်း)လေ့ကျင့်ခန်းလုပ်ကြသည်။ ပြီးနောက် ဆက်ပြေးလာရာ တောင်မြင့်ရွာကို လွန်လာခဲ့သည်။ တောင်မြင့်ရွာကို လွန်သည်နှင့် လမ်းဘေးဝဲယာတစ်လျှောက်မှာ လယ်ကွင်းပြင်များက မျက်စေ့တဆုံး၊ ညကမှောင်သော်လည်း ကတ္တရာလမ်းနှင့် လယ်ကွင်းပြင်ကို မှုန်ပျပျမြင်ရသည်။ အမှောင်ထဲမှ စပါးနံ့သင်းသင်း မွှေးရနံ့ကို ရှူရှိုက်ရင်း ကြယ်ရောင်အောက်တွင် အပြေးလေ့ကျင့်ရသော အရသာမှာ ယနေ့တိုင်မမေ့နိုင်အောင် စွဲလန်းမိသော အရသာဖြစ်သည်။ သုံးယောက်သားပြေးရင်းဖြင့် တစ်ဦးနှင့် တစ်ဦးစနောက်ရယ်မောကြရသေးသည်။ ပြေးရင်း ရယ်မောလျှင် လွန်စွာ မောပန်းသဖြင့် တစ်ခါတစ်ရံ ကတ္တရာလမ်းပေါ်သို့ လှဲချရင်း ရယ်မောရသည်။ ဆက်၍ ပြေးရင်း မြစ်ငယ်၊ ငါးစခန်းအဆောက်အအုံလေးနှင့် ငါးကန်များ လယ်ကွင်းများအနီးသို့ ရောက်လာပြီး (ယခုအခါ အိမ်များနှင့် မန္တလာကောလိပ်) အရှိန်မြှင့်၍ ဆက်ပြေးကြသည်။ ထိုမှ အရှိန်မြှင့်၍ မြစ်ငယ်တံတားပေါ်ထိ ပြေးသည်။ မြစ်ငယ်တံတားပေါ်တွင် လတ်ဆတ်သော လေကိုရှူရင်း အကြောလျှော့ကြသည်။ ပြီးလျှင် ပြန်ပြေးလာခဲ့ကြသည်။

ထိုစဉ်က လယ်ကွင်းပြင်ကျယ်ကြီးကို ယခုအခါ လွမ်းမိသည်။ ထိုလယ်ကွင်းများတွင်လည်း လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်ကို သတိရမိသည်။ ကားများဖြင့် နံနက် ၄နာရီတွင် ထွက်ခွာ၊ ၅ နာရီခွဲခန့်တွင် ဆောက်တောဝရွာ(ယခုတောင်အင်းမြောက်အင်းဘက်)သို့ တောလမ်းမှ တစ်ဆင့် ဝင်၍ လယ်ကွင်းများထဲဝင်ခဲ့ရသည်။ စုရပ်သို့ ရောက်လျှင် ဝိုင်းဖွဲ့၍ ကောက်ညှင်းပေါင်းနှင့် အကြော်စားသည်။ ပြီးလျှင် စနစ်တကျစုပေါင်း တမန်းနှိုးကြသည်။ ပျော်စရာကောင်းလှသည်။ ပြေးရင်း တမန်းနှိုးပွဲကို သတိရသည်။ အကြော်၊ ကောက်ညှင်းပေါင်းကို သတိရသည်။ ဝမ်းပိုက်ပင် ဆာလာသည်။ မိုးမလင်းခင် တမာတန်းမှ တစ်ဆင့် ရေကူးကန်သို့ ဝင်သည်။ ရေကူးကန်ထဲတွင် ကိုယ့်ထက်စောစွာ လေ့ကျင့်နေသော အဖွဲ့ရှိသည်။ နမခ(ယခု လ·ပ·ခ) ကိုယ်စားပြု ရေကူးအားကစားအဖွဲ့ဖြစ်သည်။ ရေကူးကန် တန့်တလျားလက်ပမ်းကျသည်အထိ လက်ပစ်ကူး၍ အိမ်သို့ အမြန်လျှောက်ဖြင့် ပြန်ခဲ့သည်။ အိမ်ရောက်လျှင် မိခင်ငွဲ့ထားသော ထမင်း ရည်ခွက်ကို မော့သောက်ပြီး ကျောင်းသွားရန် ပြင်သည်။ ညနေကျောင်းက ပြန်လျှင် ဘောလုံးကွင်းတွင် ဆရာဦးလှဦး၊ ဆရာကျော်ကျော်၊ ဆရာဦးအောင်ကြည်(ကျွန်တော်တို့၏ ဘာသာရပ်ပြတပ်မတော်မှ ဆရာများ)နှင့်အတူ ဘောလုံးသွားကန်မည်။ ပြီးလျှင် လှသူ၊ ကျော်ကျော်တို့နှင့်အတူ အခြေခံလက်သိုင်း (သိုင်းပြောင်းပြန်) သွား၍ လေ့ကျင့်ကြမည်။ ရထားပေါ်မှ လှမ်း၍ နှုတ်ဆက်သော သူငယ်ချင်း လှသူနှင့် ငယ်စဉ်အကြောင်းတွေးရင်း လျှောက်လာခဲ့ရာ ဆေးရုံသို့ ပင်ရောက်ပြီ။ ဆေးရုံဘတ်စ်ကားကြီးက ဆေးရုံထဲမှ ထွက်လာသည်။ ဟောတွေ့ပြန်ပြီ တစ်ယောက်၊ အမျိုးသမီးသူနာပြုဝတ်စုံများနှင့် အဖွဲ့ထဲတွင် တက္ကသိုလ်၌ လူငယ်လှုပ်ရှားမှုများနှင့် ပါတီရေးရာများအတူ တွဲလုပ်ကိုင်ခဲ့သော သူငယ်ချင်းစောသူရ၏ ညီမငယ်လည်းဖြစ် ကိုယ့်ရဲဘော် ရဲဘက်သူငယ်ချင်းမောင်နှမလည်းဖြစ်သော နန်းမာလာကို တွေ့လိုက်ရသည်။ ယနေ့တွင် သူငယ်ချင်းနှစ်ဦးကို တွေ့ရသည်။

တက္ကသိုလ်လူငယ်လှုပ်ရှားမှုများ ဆောင်ရွက်ရင်း သူငယ်ချင်းထက်ပို၍ တွဲမိ ခင်မင်ကြသည်။ နန်းမာလာကို တွေ့မိ၍ အတိတ်က တာဝန်ထမ်းခဲ့ကြသည်များကို သတိတရဖြစ်မိပြန်သည်။ သင်တန်းပေါင်းစုံ တက်ပြီးသားများဖြစ်၍ ဒု-နှစ်တစ်နှစ်လုံးဖွင့်သမျှ သင်တန်းတိုင်းတွင် ကြီးကြပ်တာဝန်ယူပေးရသည်။ နည်းပြများ မနိုင်မနင်းမဖြစ်စေရန် လိုအပ်သည့်နေရာက ကူညီပေးရသည်။ ကျောင်းသူများအတွက် အိမ်တွင်းမှုသင်တန်းပေးလျှင်ပင် သင်တန်းကို ကြီးကြပ်ရင်း၊ လိုအပ်သည်များကူညီသင်ကြားပေးခဲ့သည်။ အထူးသဖြင့် အခြေခံစစ်ရေးပြကို ကူညီသင်ပြရသည်။ စခန်းချဘာသာရပ်ကို သင်ပြရသည်။ အခါကြီးရက်ကြီးများတွင် ကျင်းပသော ပြိုင်ပွဲများလည်း ကြီးကြပ်ရင်း ဝင်ပြိုင်ရသေးသည်။ ကဗျာပြိုင်ပွဲများတွင် ဝင်ပြိုင်ရာတွင် တစ်နှစ်ကို နှစ်ကြိမ်ပြိုင်ခဲ့ပြီး ပြိုင်တိုင်းလည်း ဆုရရှိခဲ့သည်သာဖြစ်သည်။ နောက်တက် ကျောင်းသူများထဲတွင် နန်းမာလာတို့သည် တက်ကြွ၍ ထူးချွန်သူများဖြစ်သည်။ ၁၉၈၅ခုနှစ် ကျောင်းပိတ်ရက်တွင် အအားမနေဘဲ နိုင်ငံ့အကျိုးပြုလုပ်အားပေးစခန်းများသို့ သွားရောက်လုပ်အားပေးကြရန် ရည်ရွယ်ထားသည်။ ကမ္ဘာ့ကုလသမဂ္ဂက ၁၉၈၅ခုနှစ်ကို ကမ္ဘာ့လူငယ်များနှစ်ဟူ၍ သတ်မှတ်ပေးခဲ့သည်။ ကမ္ဘာ့လူငယ်များနှစ် အထိမ်းအမှတ်ကို ကမ္ဘာ့ကုလသမဂ္ဂ အစီအစဉ်ဖြင့် သစ်တောစိုက်ခင်းများ ပြုစုဆောင်ရွက်ခြင်း လုပ်အားပေးစခန်းဖွင့်မည်ဟု ဆိုသည်။ ထိုလုပ်အားပေး စခန်းသို့ သွားရောက်တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့သည်။ မန္တလေးတက္ကသိုလ်အမှတ်(၁)လူငယ်အဖွဲ့နှင့် အမှတ်(၂)လူငယ်အဖွဲ့နှစ်ဖွဲ့ပါဝင်သည်။ လမ်းစဉ်ပါတီမှလည်း မြို့နယ် လူငယ်အဖွဲ့များ စေလွှတ်ပေးမည်ဟု ဆိုသည်။

လူငယ်ယူနီဖောင်းတစ်စုံ၊ စစ်ယူနီဖောင်းတစ်စုံ၊ တောစီးဖိနပ်၊ ခါးပတ်ကြီးနှင့် ခါးပတ်ကြီးဖြင့် ချိတ်တွဲရန် အိတ်တွင် အဆိပ်စုပ်ဆရင်း၊ ဘရိတ်ဓားတစ်ကဒ်၊ အရက်ပြန်၊ ဂွမ်း၊ ပတ်တီး၊ ဓာဂနှာ၊ တင်ချာလိမ်းဆေး၊ သောက်ဆေးမျိုးစုံနှင့် ဓားမြှောင်အတိုတစ်ချောင်းကို အဆင်သင့်ထည့်သည်။ လုပ်အားပေးစခန်းသို့ သွားမည့်နေ့တွင် စစ်ယူနီဖောင်းအပြည့်အစုံတွင် ရင်ဘတ်၌ မန္တလေးတက္ကသိုလ်တံဆိပ်တပ်၊ ကျောပိုးအိတ်တွင် အဝတ်အစားမိုးကာ၊ ဓာတ်မီး၊ ကရောင်းရှိ၊ အိပ်ရာလိပ်တို့ကို ကျစ်ကျစ်လျစ်လျစ်ထည့်၍ လွယ်သည်။ ဆေးပစ္စည်းအိတ်ပါ ခါးပတ်ကြီးကို ပတ်၍ မိုးမလင်းခင်ကတည်းက မန္တလေးတက္ကသိုလ်လူငယ်ရုံးကစောင့်သည်။ အတူသွားမည့်သူငယ်ချင်းများလည်း ရောက်ပြီ၊ ကားမလာခင် တန်းစီလူစစ်ပြီး ကျောင်းအုပ်ကြီးနှင့် လူငယ်အတွင်းရေးမှူးတို့က လိုအပ်သည်များ မှာကြားသည်။ ထို့နောက် စီစဉ်ပေးသော မော်တော်ယာဉ်ဖြင့် ကျွဲနွားတောင်ခြေအကွက် ၃း၁း၃ ဓီးထုံးဘိုကြိုးဝိုင်းလူငယ်စခန်းသို့ ချီတက်ခဲ့ကြသည်။ ကတ္တရာလမ်းဆုံး၍ သစ်တောစိုက်ခင်းဘက်သို့ တောလမ်းမှ ဖြည်းဖြည်းချင်းမောင်းနှင်လာသော မော်တော်ယာဉ်ပေါ်တွင် ပျော်ရွှင်စွာဖြင့် လိုက်ပါလာခဲ့သည်။ နန်းမာလာလည်း ပါသည်။ တောထဲမှ စခန်းသို့ မရောက်ခင် ကားပေါ်မှ ကြည့်လာရာ ဝဲယာတောင်ကြောပေါ်မှ တချို့နေရာတွင် လုံခြုံမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်တချို့ လက်နက်အပြည့်အစုံဖြင့် နေရာယူထားသည်။ စခန်းသို့ ရောက်ပြီး စခန်းရုံးရှေ့ ကွင်းပြင်တွင် ကားရပ်ပြီး စခန်းမှူးက သိသင့်သည်များ ပြောပြပြီး သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မိတ်ဆက်ကာ လှိုဏ်တစ်ဖက်တွင် နေရာချပေးသည်။ အမျိုးသမီးဆောင်မှာ တခြားတောင်ကုန်းကလေးတွင်ဖြစ်သည်။ အဆောင်တွင် နေရာယူပြီး ခဏအကြာတွင် တခြားမြို့နယ်မှ လူငယ်များ ရောက်လာကြသည်။ ဘေးမှ ရပ်ကြည့်နေစဉ် အမရပူရမြို့နယ်မှ ငယ်စဉ်ကတည်းက တွဲဘက်တက္ကသိုလ် မရောက်သေးသည့် သူငယ်ချင်း လှသူကို တွေ့၍ ဝမ်းသာစွာ နှုတ်ဆက်သည်။ တောစခန်းတွင် လာရောက်ဆုံကြပြီ။ စခန်းမှူးမှာ ကြားသည့်ထဲတွင် မြွေများပေါ၍ သတိပြုရန်၊ စခန်း၏အတွင်းစည်းတွင် ရဲတပ်ဖွဲ့ဝင်များ စောင့်ရှောက်ပြီး အပြင်စည်းတွင် လုံခြုံမှု ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ စောင့်ရှောက်ပေးလျက်ရှိကြောင်း စည်းဝိုင်းအပြင် မထွက်ကြရန်နှင့် နေ့၊ ည သတိဝီရိယဖြင့် နေရန်၊ တောပျားကြီးများ၊ ထုပ်ယနီကောင်များ၊ ပဒူကောင်များ၊ မြွေများကို ဂရုစိုက်ရန်၊ ဆေးအဖွဲ့ရှိ၍ အကြောင်းရှိက ချက်ခြင်းအကြောင်းကြားရန်တို့ ပါဝင်သည်။

ပြုမြဲထုံးစံအတိုင်း စားရိပ်သာတွင် နေ့လယ်စာ စားပြီးသည်နှင့် စခန်းပတ်ချာလည်နှင့် စခန်းအတွင်းမှ အဆောင်များ၊ လှိုဏ်များကို လေ့လာသည်။ လှိုဏ်၏အတွင်း မြက်တောများ ထနေသဖြင့် ဆင်းသွားကာ မြွေအန္တရာယ်ရှိသည်။ တစ်ဖက်သို့ ခုန်ကူးနိုင်သော နေရာများကို မှတ်သားသည်။ အဆောင်များနောက်တွင် ငှက်ပျောတောရှိသည်။ ငှက်ပျောတောသည် ဒုဋ္ဌဝတီမြစ်ကမ်းစပ်ဘေးတွင် ရှိသည်။ မြစ်ရေတက်ချိန်မို့ ရေစီးက သန်လှသည်။ မြစ်ထဲတွင် လက်ပစ်ကူးရန်မလွယ်လောက်၊ ပတ်ဝန်းကျင်လေ့လာပြီး အပြန် ငှက်ပျောတောစပ်တွင် မြွေကလေးများ တလှုပ်လှုပ်သွားနေသည်။ အကွက်အကွက်ဖြင့် မြွေ ပွေးများလားဟု ထင်စရာ၊ သို့သော် လုံခြုံမှုထိန်းသိမ်းရေးတပ်ဖွဲ့မှ ရဲဘော်က စပါးအုံးမြွေပေါက်များဖြစ်ကြောင်း ပြောသည်။ အဆောင်သို့ ပြန်၍ မိမိစီးမည့် တောစီးဖိနပ်ကို လုံအောင် ပိတ်၍ အပေါ်တင်ထားသည်။ မြေပေါ်တွင် ချမထား။ (မြွေဝင်မည်စိုး၍)။ အိပ်ရာကိုခေါက်ပြီး လုံအောင်ကျောပိုးအိတ်ပါထည့်၍ ကြိုးဖြင့် သေချာလုံအောင်အပေါက်မရှိအောင် တုပ်ထားသည်။ ဆေးအိတ်၊ ရေဘူး၊ ဓားမြှောင်တို့ကို ခါးပတ်ကြီးတွင် သေချာစွာ ချိတ်၍ အသင့်ထားသည်။ မနက်ဖြန်နံနက် စခန်းဖွင့်ပွဲအတွက် ယူနီဖောင်းသွားထုတ်ရဦးမည်ဖြစ်သဖြင့် ခပ်သွက်သွက်ပင် စခန်းရုံးဘက်သို့ ထွက်လာခဲ့တော့သည်။

(ဆက်လက်ဖော်ပြပါမည်)

# ၂၀၂၄ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ရိုးရာလက်ဝှေ့အထူးစိန်ခေါ်ပွဲ ကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၁**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်(အထက်မြန်မာပြည်)တို့ ပူးပေါင်းစီစဉ်သည့် ၂၀၂၄ ခုနှစ် အိုလံပစ်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ဇွန် ၂၉ ရက် မွန်းလွဲ ၃ နာရီက မြစ်ကြီးနားမြို့၊ ဧရာရပ်ကွက်ရှိ ကချင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှူးရုံးဝင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပခဲ့သည်။



အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲစဉ်များအား ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လက်ဝှေ့အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကာ ပြိုင်ပွဲတွင် တက်သစ်စလူငယ် တွဲဆိုင်းများနှင့် စိန်ခေါ်ပွဲ လက်ဝှေ့ပွဲစဉ်များ ထိုးသတ်ခဲ့ပြီး တွဲဆိုင်း ၉ ဆိုင်းဖြင့် ကျင်းပခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်တို့က ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲနှင့် ရိုးရာလက်ဝှေ့ပွဲဖြစ်မြောက်ရေးပူးပေါင်းကူညီကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ၂၀၂၄ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့အထူးစိန်ခေါ်ပွဲသို့ အင်အား ၁၀၀ ကျော် လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ (ဝဲပုံ)(၄၄၄)



# ခရိုင်/မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**ညောင်ဦး ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ သဗ္ဗညုလဘုရားအတွင်းနှင့် ဘုရားသုံးဆူ၊ နရသီဟပတေ့ဘုရားပတ်ဝန်းကျင်ရှိ ရှေးဟောင်းဘုရားများ အစုအဝေးအတွင်း ဇွန် ၂၉ ရက် နံနက် ၇ နာရီ ညောင်ဦးခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခဲ့သည်။ **(အပေါ်ပုံ)**

ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်စီမံအဖွဲ့ဝင်များနှင့် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ ဦးဆောင်မှုဖြင့် ညောင်ဦးမြို့နယ် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်းရှိ သဗ္ဗညုလဘုရားအတွင်းနှင့် ဘုရားသုံးဆူ၊ နရသီဟပတေ့ဘုရားပတ်ဝန်းကျင်ရှိ ရှေးဟောင်းဘုရားများ အစုအဝေးအတွင်း အမှိုက်များ၊ ပေါင်းမြက်များ၊ သံလျက်ပင်များနှင့် ချုံနွယ်ပိတ်ပေါင်းများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် ပေါင်းမြက်များ၊ သစ်ပင်ချုံနွယ်များအား ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်တို့ဖြင့် ရှင်းပြီးသား ပေါင်းမြက်များ၊ သစ်ပင်၊ သစ်ကိုင်းများအား စည်ပင်သာယာရေး အမှိုက်ကျင်းသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြောင်း သိရသည်။ (၄၈၁)

# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ခြင်းပြုလုပ်

**ပွင့်ဖြူ ဇူလိုင် ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် သရက်အုပ်ကျေးရွာအုပ်စု၊ စံပြကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းလုပ်ငန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းကို ဇွန် ၂၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှငွေးမောင်က ကျေးရွာရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများကိုတွေ့ဆုံကာ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စီမံကိန်းလက်စွဲစာစောင်ပါ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် (RBF) စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်မှုသတ်မှတ်ပုံစံများ၊ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ လုပ်ငန်းအဖွဲ့ဝင်များကို အတည်ပြုရွေးချယ်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့သည်။



ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်တွင် စံပြကျေးရွာရှိ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီး နိုင်ငံတော်မှ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း၊ စီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက အစုအဖွဲ့(၄)ဖွဲ့ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ (ဝဲပုံ)(၄၄၅)

# မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြစိုက်ခင်းများအတွက် ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာ ထောက်ပံ့ပေးအပ်

**ဟိုပုံး ဇူလိုင် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြစိုက်ခင်းများအတွက် ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာ ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၂၈ ရက် နံနက် ၉ နာရီခွဲက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်သန္တာလင်းက စိုက်ပျိုးတောင်သူများအား မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြစိုက်ခင်းများအတွက် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရည်ရွယ်ချက်များကိုလည်းကောင်း၊ နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေး၊ ပြည်ပမှ တင်သွင်းသည့် သွင်းကုန်များ လျှော့ချနိုင်ရေး၊ ထွက်ရှိလာသည့် သီးနှံများကို ပြည်ပသို့ တင်သွင်းနိုင်ရေးဖြစ်သည့် ရည်ရွယ်ချက်(၃)ချက် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြစိုက်ခင်းတောင်သူများအတွက် ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများကို ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ညီညီတင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးနေမျိုးလှိုင်၊ ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အသီးသီး ထောက်ပံ့ပေးအပ်ခဲ့သည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဟိုပုံးမြို့နယ်၊ စငေါကျေးရွာအုပ်စု၊ စံဖူးကျေးရွာအုပ်စု၊ ပေါင်လင်းကျေးရွာအုပ်စု၊ လွယ်အွန့်ကျေးရွာအုပ်စုရှိ မျိုးစေ့ထုတ်စိုက်ခင်းနှင့် စံပြစိုက်ခင်းတောင်သူများအား မျိုးစေ့ချကိရိယာဖြင့် လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။ (၃၆၈)

# မိတ္ထီလာမြို့နယ်၊ ဆူးဖြူကွက်ကျေးရွာ၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**မိတ္ထီလာ ဇူလိုင် ၁**

မန္တလေးတိုင်းဒေသကြီး၊ ဆူးဖြူကွက်ကျေးရွာ၌ ၂၀၂၄ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို အဆိုပါ ကျေးရွာအများပြည်သူသုံးရေကန်အနီးတွင် ကျင်းပခဲ့သည်။

မိတ္ထီလာကို မကြာသေးမီက တာဝန်ရှိသူများ ရောက်ရှိခဲ့သည့် ခရီးစဉ်မှာ ဆူးဖြူကွက်ကျေးရွာက ဦးမောင်မြင့်ရဲ့ မွေးမြူရေးခြံကို လာရောက်ကြည့်ရှုရင်း ရွာအဝင်လမ်းနေရာနားက အများပြည်သူသုံး မြေသားရေကန်အနီးပတ်ဝန်းကျင်မှာ စိမ်းလန်းစိုပြည်စေရေးအတွက် အရိပ်ရသစ်ပင်များ စိုက်ပျိုးထားရှိဖို့ လမ်းညွှန်မှာကြားခဲ့တာကြောင့် အခုလို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပတာ ဖြစ်ပါတယ်ဟု မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အဆိုပါ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်း၊ သပြေဘူတနှင့် အရိပ်ရသစ်ပင်ပျိုးပင် ၁၅၀ ပင်ကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ရှိသူများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာဒေသခံပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၄၅၃)

## "ရွှေပြည့်လျှံ" ဆိုင်အမည်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ထန်းတောရပ်ကွက်၊ ၈လမ်းနှင့် ၉လမ်းကြား၊ ၇၆လမ်းနှင့် ၇၇လမ်းကြားနေ **ဦးပြည့်ဖြိုးထက်(ဘ)ဦးတင်မြင့်(၉/အမစ(နိုင်)၀၂၃၃၅၇)** ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**'ရွှေပြည့်လျှံ'**

**စာချုပ်အမှတ် – (၁၉၇၃ / ၂၀၂၄)**

ကျွန်ုပ်၏မိတ်ဆွေ **ဦးပြည့်ဖြိုးထက်** သည် အထက်ဖော်ပြပါ **'ရွှေပြည့်လျှံ'**တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၁၉၇၃/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် **(BRAND NEW & SECOND PHONE ရောင်းဝယ်ရေးနှင့် ဖုန်းပြုပြင်ရေး)**လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၊ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍ လုပ်ဆောင်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဦးပြည့်ဖြိုးထက်** ပိုင် **'ရွှေပြည့်လျှံ'** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ **(BRAND NEW & SECOND PHONE ရောင်းဝယ်ရေးနှင့် ဖုန်းပြုပြင်ရေး)**လုပ်ငန်းတို့ပေါ်တွင် ဆိုင်းဘုတ်ချိတ်ဆွဲ၊ ကပ်နှိပ်၊ ရိုက်နှိပ်၊ ပုံနှိပ်၍လုပ်ဆောင်ခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေ **ဦးပြည့်ဖြိုးထက်**၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## "Season" ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်(ဖဖ-၆/၂၉)၊ ၁၁၀(အေ)လမ်း၊ ၄၈လမ်းနှင့် ၄၉လမ်းကြားနေ **ဒေါ်ဝင်းမာ(ဘ)ဦးတုံတင်ဦး(ခ)ဦးရွှေလောင်း(၉/မရတ(နိုင်)၁၁၆၀၁၉)**၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**"Season"**

**စာချုပ်အမှတ် – (၂၀၄၅ / ၂၀၂၄)**

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဝင်းမာ** သည် အထက်ဖော်ပြပါ **"Season"** တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၂၀၄၅/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် **(အဆင့်မြင့် RO သောက်ရေသန့်)**တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ဝင်းမာ** ပိုင် **"Season"** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍**(အဆင့်မြင့် RO သောက်ရေသန့်)**တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းများမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ **ဒေါ်ဝင်းမာ** ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## "ပလက်တီနမ်" ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၆၁)၊ ၈၂လမ်းနှင့် ၈၃လမ်းကြား၊ ၁၅လမ်းနေ **(၁)ဦးနေမျိုးအောင်(ခ)ဦးနေမိုးအောင်(ဘ)ဦးကျော်အောင်(၁၁/ကဖန(နိုင်)၀၃၄၆၉၁)၊ (၂) ဦးဇော်မင်းထွန်း(ဘ) ဦးသောင်းရင်(၈/မကန(နိုင်)၁၅၆၇၃၅)**တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**'ပလက်တီနမ်'**

**စာချုပ်အမှတ် – (၂၀၇၀ / ၂၀၂၄)**

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးနေမျိုးအောင်(ခ)ဦးနေမိုးအောင်နှင့် ဦးဇော်မင်းထွန်း** တို့သည် အထက်ဖော်ပြပါ **'ပလက်တီနမ်'** တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၂၀၇၀/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမည်အမှတ်တံဆိပ်ဖြင့် **(မုန့်မျိုးစုံနှင့် အားဖြည့်အချိုရည်)**တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးနေမျိုးအောင်(ခ)ဦးနေမိုးအောင်နှင့် ဦးဇော်မင်းထွန်း**တို့ပိုင် **'ပလက်တီနမ်'** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍**(မုန့်မျိုးစုံနှင့် အားဖြည့်အချိုရည်)** တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းများမပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးနေမျိုးအောင် (ခ)ဦးနေမိုးအောင်နှင့် ဦးဇော်မင်းထွန်း** တို့၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## "hammer" ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂လမ်းနှင့် ၃၃လမ်းကြား၊ ၇၇လမ်းနေ **ဒေါ်လင်ဟုန်(ခ)ဒေါ်တင်တင်အေး(ဘ)ဦးတင်အောင်(ခ)YANG CHIN CHAN(၁/မကန(ပြု)၀၀၀၄၉၃)** ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**"hammer"**

**စာချုပ်အမှတ် – (၁၉၁၀ / ၂၀၂၄)**

ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်လင်ဟုန်(ခ)ဒေါ်တင်တင်အေး** သည် အထက်ဖော်ပြပါ **"hammer"** တံဆိပ်ကို တစ်ဦးတည်းမူပိုင် အမည်အမှတ်တံဆိပ်အဖြစ် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်(၁၉၁၀/၂၀၂၄)အရ တရားဝင်မှတ်ပုံတင်သွင်းထားရှိခဲ့ပြီး ယင်းအမှတ်တံဆိပ်ဖြင့် **(Anti-Static Screen Protector၊ ဖုန်းမှန်မကွဲအမျိုးမျိုး)**တို့ပေါ်တွင် ကပ်နှိပ်၍ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်လင်ဟုန်(ခ)ဒေါ်တင်တင်အေး** ပိုင် **"hammer"** အမှတ်တံဆိပ်၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားတုပသုံးစွဲ၍ **(Anti-Static Screen Protector၊ ဖုန်းမှန်မကွဲအမျိုးမျိုး)**တို့ပေါ်တွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ မပြုလုပ်ကြပါရန်နှင့် မည်သူမဆို ကျွန်ုပ်မိတ်ဆွေ **ဒေါ်လင်ဟုန်(ခ)ဒေါ်တင်တင်အေး** ၏ အကျိုးစီးပွားထိခိုက်နစ်နာစေရန် ရည်ရွယ်ဆောင်ရွက်လာခဲ့ပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ–၇၉၃၃)**
**Office – အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့်လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer. khinninisoe @ gmail. com**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ်များ ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် လုပ်ငန်းခွင်ရုံးများမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)များ လာရောက်ဖူးမြော်

**နေပြည်တော် ဇူလိုင် ၁**

တံတားဦးစီးဌာနမှ အင်ဂျင်နီယာချုပ်များ ဦးဆောင်သော တိုင်းဒေသကြီးနှင့်ပြည်နယ်လုပ်ငန်းခွင်ရုံးများမှ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)များပါဝင်သည့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ကျောက်စာရုံစေတီများနှင့် ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခဲ့မှု အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်တို့နှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးကာ အလှူငွေများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

၀-၀-၀-၀-၀

၀-၀-၀



# မန္တလေးဆိပ်ကမ်းတွင် မြစ်ရေမြင့်တက်နေပြီး ဇူလိုင် ပထမ ၁၀ ရက်ပတ်အတွင်း လက်ရှိရေအမှတ်ထက် ၆ ပေမှ ၁၀ ပေခန့် မြင့်တက်လာနိုင်

**မန္တလေး ဇူလိုင် ၁**

မန္တလေးဆိပ်ကမ်း၊ ဧရာဝတီမြစ်ရေ မြင့်တက်လာရာ ဇူလိုင် ပထမ ၁၀ ရက်ပတ်ခန့်မှန်းချက်များအရ လက်ရှိရေအမှတ်ထက် ၆ ပေမှ ၁၀ ပေအထိ မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန (အထက်မြန်မာပြည်ဌာနခွဲ - မန္တလေး)မှ ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး က ပြောသည်။

ယနေ့နေ့လယ်ပိုင်းအချိန် မြစ်ရေတိုင်းထွာချက်များအရ မန္တလေးဆိပ်ကမ်းဧရာဝတီမြစ်ရေသည် ၈၉၃ စင်တီမီတာတွင် ရှိပြီး စိုးရိမ်ရေအမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိရန် ၁၂ ပေခန့်အလိုတွင် ရောက်ရှိပြီဖြစ်သည်။

"နှစ်စဉ် မိုးဦးရာသီအကုန် မိုးလယ်ရာသီစတင်တာနဲ့ မုတ်သုံမိုးတွေလည်း မြန်မာနိုင်ငံအထက်ပိုင်းဒေသတွေမှာ ပုံမှန်နှုန်းရွာသွန်းပြီး မကြာခင်မှာ မြစ်ရေတိုးလာတယ်။ မြစ်ဖျားပိုင်းမှာ မြစ်ရေတိုးလာရာကနေ ရေကြီးရာသီ စတင်တာပါ။ ဧရာဝတီမြစ် အလယ်ပိုင်းဒေသတွေရဲ့ မြစ်ရေမှတ်တမ်းတွေအရ ဇူလိုင်လ ဒုတိယပတ်ကနေ ဩဂုတ်လ ဒုတိယပတ်ထိ မြစ်ရေကြီးတဲ့ အကြိမ်ရေများတာ တွေ့ရတယ်" ဟု ၄င်းက ပြောသည်။



လွန်ခဲ့သည့် ၂၄ နာရီအတွင်းက ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကြီးနားမြို့တွင် ၈ ပေခန့် သိသိသာသာမြင့်တက်လာခဲ့ရာ စိုးရိမ်ရေအမှတ် ၁၂၀၀ စင်တီမီတာအထက် ၁၅၂ စင်တီမီတာ (၅ ပေခန့်)ကျော်လွန်ရောက်ရှိခဲ့ကာ လာမည့် ၂ ရက်တွင်လည်း ၂ ပေခန့်မြင့်တက်လာဖွယ်ရှိကြောင်း၊ အလားတူ မန္တလေးဆိပ်ကမ်းတွင် လာမည့် ၁၀ ရက်အတွင်း ဧရာဝတီမြစ်ရေသည်

**စာမျက်နှာ ၉ သို့** ■

# မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း လေ့ကျင့်မှု ပြုလုပ်ခဲ့

**ရန်ကုန် ဇူလိုင် ၁**

ဇူလိုင် ၉ ရက်နှင့် ၁၂ ရက်တွင် ရန်ကုန်မြို့၊ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည့် အိန္ဒိယအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ကစားမည့် ဖီဖာနိုင်ငံတကာ ခြေစမ်းပွဲစဉ်များအတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် ယနေ့ညနေပိုင်းက လေ့ကျင့်ရေးကွင်း ၅ တွင် လေ့ကျင့်မှု များပြုလုပ်ခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဂျပန်လူမျိုး ယူကီ တက်ဆုရိက ကိုင်တွယ်လျက်ရှိပြီး ဇွန် ၁၆ရက်မှ စတင်၍ လက်ရွေးစင်အသင်းများ အဆောင်တွင် ကစားသမား(၃၀) ဦးဖြင့် လေ့ကျင့်မှုများ ပြုလုပ်နေခြင်း ဖြစ်သည်။

**(NGB)**





# ပြင်သစ်တို့ ဘယ်လ်ဂျီယံကို ခက်ခက်ခဲခဲအနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၁၀နာရီခွဲက ဂျာမနီနိုင်ငံ၊ ဒပ်ဆဲလ်ဒေါ့ဖ်မြို့၊ ဒပ်ဆဲလ်ဒေါ့ဖ်ဘောလုံးကွင်းတွင် ပြင်သစ်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ခက်ခက်ခဲခဲ အနိုင်ယူပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယခုပွဲစဉ်သည် ပြိုင်ပွဲ၏ အရေးကြီးဆုံးပွဲစဉ်ဖြစ်သည်နှင့်အညီ နှစ်သင်းစလုံး အုပ်စုတုန်းက ခြေစွမ်းမျိုးမဟုတ်တော့ဘဲ တစ်ဖက်နှင့်တစ်ဖက်အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ပွဲက မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ကြည့်ကောင်းနေခဲ့သည်။ ကွာတားဖိုင်နယ်တက်ရောက်ရေး ပွဲစဉ်ဖြစ်သည်နှင့်အညီ နှစ်ဖက်အသင်းစလုံး၏ ပရိသတ်များ တစ်ခဲနက်အားပေးမှုကလည်း မြိုင်ဆိုင်နေခဲ့သည်။ ပွဲစသည်နှင့် ပြင်သစ်နှင့် ဘယ်လ်ဂျီယံတို့ ဂိုးရရှိရေးအတွက် တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ကြသည်။ နှစ်ဖက်အသင်းစလုံး၏ နောက်ခံကစားသမားများနှင့် ဂိုးသမားတို့ကောင်းမွန်မှုကြောင့် ဂိုးရရှိရေး ရှန်းကန်နေခဲ့ရသည်။ နောက်ပိုင်းတွင် နှစ်သင်းစလုံး ဂိုးရယူနိုင်ခြင်းမရှိသောကြောင့် ပထမပိုင်းပွဲစဉ်ပြီးဆုံးချိန်တွင် ဂိုးမရှိ သရေရလဒ်သာထွက်ပေါ်နေခဲ့သည်။

ဒုတိယပိုင်းတွင် ပြင်သစ်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဘယ်လ်ဂျီယံအသင်းဘက်ကို ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန် ၄၈မိနစ်တွင် ပင်နယ်တီဧရိယာစပ်မှ ချူအာမီနီ၏ ကန်ချက် ဘယ်လ်ဂျီယံ ဂိုးသမား ပုတ်ထုတ်ကာကွယ်ခဲ့မှုကြောင့် ပြင်သစ်တို့ ဦးဆောင်ဂိုးရရှိမည့်အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။ ဆက်တိုက်ဆိုသလို ပွဲချိန် ၅၃မိနစ်တွင် ပင်နယ်တီဧရိယာအတွင်းမှ ဘာပေ၏ ကန်ချက်ဂိုးဘားတန်းနဲ့ အနည်းငယ်လွဲချော်ခဲ့မှုကြောင့် ဘယ်လ်ဂျီယံတို့ သက်သာရာရခဲ့သည်။ ပွဲချိန် ၈၂မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ရရှိလာသည့်အခွင့်အရေးကို ဒီဘရိုင်းအပိုင်ကန်သွင်းခဲ့သော်လည်း ဂိုးသမား မိုက်ဂနန်ပုတ်ထုတ်ကာကွယ်နိုင်မှုကြောင့် ဘယ်လ်ဂျီယံတို့ နစ်နာခဲ့ရသည်။ နောက်ပိုင်းတွင် ပြင်သစ်ကသာ ဆက်တိုက် တိုက်စစ်ဆင်ခဲ့ပြီး ပွဲချိန် ၈၅မိနစ်တွင် ပင်နယ်တီဧရိယာအတွင်းမှ လူစားဝင် ကစားသမား ကိုလိုမူအာနီ၏ကန်ချက် ဘယ်လ်ဂျီယံကစားသမား ဗာတွန်ဂန်နှင့်ထိပြီး လမ်းကြောင်းပြောင်းကာ ဂိုးဝင်သွားမှုကြောင့် ပြင်သစ်တို့ ဦးဆောင်ဂိုးရရှိခဲ့သည်။ လက်ကျန် မိနစ်များတွင် နှစ်သင်းစလုံး ဂိုးများထပ်မံရယူနိုင်ခြင်းမရှိသောကြောင့် ပွဲစဉ်ပြီးဆုံးချိန်တွင် ပြင်သစ်အသင်းက ဘယ်လ်ဂျီယံအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ခက်ခက်ခဲခဲအနိုင်ရယူကာ ကွာတားဖိုင်နယ်အဆင့်သို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့သည်။

**နိုင်ကမ္ဘာ**